မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✻ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး

✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

✻ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင် ကညင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ဧက နှစ်သောင်းကျော် စိုက်ပျိုးရေဖူလုံပြီး ရေအားလျှပ်စစ်ထုတ်ပေးမည့် ကညင်ရေလှောင်တမံစီမံကိန်းကို အင်ပူမြို့နယ်၌ တည်ဆောက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၈

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်၌ စိုက်ဧက ၂၅၀၀၀ ကို နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေဖူလုံစွာ ပေးနိုင်မည့်အပြင် ရေအားလျှပ်စစ် ၅ မဂ္ဂါဝပ်ကိုပါ ထုတ်ယူရရှိမည့် ကညင်ရေလှောင်တမံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည်။

အဆိုပါ ကညင်ရေလှောင်တမံစီမံကိန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်သည် ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရာသီဥတုပြောင်းလဲ

ထိုသို့ စစ်ဆေးစဉ် ဝန်ကြီးက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေပြည့်ဝစွာပေးနိုင်ရေး၊ စီမံကိန်းရည်မှန်းချက်များအတိုင်း ထိရောက်အောင်မြင်ရေး၊ ရေဝေ ရေလဲ ဧရိယာအတွင်း သစ်တော သစ်ပင်များ၊ သဘာဝသားရဲတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေး၊ ကမ္ဘာနှင့်အဝန်း ရာသီဥတု ရုတ်ခြည်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်မှန်းဆပြီး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားကြရန်၊ အရေးပေါ်ကြုံတွေ့လာရပါက အဆင့်အလိုက် လုပ်ဆောင်ရမည့် တာဝန်များကို ကြိုတင်ဇာတ်တိုက်ထားကြရန်၊ ဆည်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြံ့ခိုင်ထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျခွဲဝေ တာဝန်ပေးအပ်ရန်၊ စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

သရုပ်ဆောင်မှု အလိုက်ဖက်ဆုံး ရွေးချယ်ခံရသည့် ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် မင်းသမီး ကိတ်ဝင်းစလက်။ (စာ-၁၁)

တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုစပါးမှ ဂါးရက်စ်ဘေးလ် ဆွတ်ခူးရရှိ။ (စာ-၁၂)



ထူးခြားသည့် နေ့အပူချိန်များ (၁၈-၄-၂၀၁၁)		
ချောက်မြို့	၄၃	ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၂	ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၂	ဒီဂရီစင်တီဂရိတ်
ကလေးမြို့	၄၁	ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၁	ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၁	ဒီဂရီစင်တီဂရိတ်

ရေအောက်၌ မောင်းနှင်နိုင်သည့် ကမ္ဘာ့ပထမဆုံး မော်တော်ယာဉ်

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

ရေအောက်၌ မောင်းနှင်နိုင်သည့် ကမ္ဘာ့ပထမဆုံးမော်တော်ယာဉ် တစ်စီးကို ဆွစ်ဇာလန်နိုင်ငံ ရင်းစပီကုမ္ပဏီက ထုတ်လုပ်လိုက်ပြီး ယခုအခါ စတင်စမ်းသပ်မောင်းနှင်မှု ပြုလုပ်လျက်ရှိသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က ပြသခဲ့သော "The Spy Who Loved Me" ရုပ်ရှင်ဇာတ်ကား၌ စာမျက်နှာ ၅ ကော်လံ ၃ ●

ရေအောက်၌ မောင်းနှင်နိုင်သည့် စကူဘာအမည်ရှိ မော်တော်ယာဉ်ကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၁၉ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဒေသခံပြည်သူများ ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ နေထိုင်သည့်ဒေသများကို တစ်ဆက်တစ်စပ်တည်း ဖြစ်စေရန် တံတားများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများကို နိုင်ငံတော်က တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ ဖောက်လုပ်ပေးရာ၌ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများကို ရထားဖြင့် ဆက်စပ်သွားလာနိုင်ရန် ဖောက်လုပ်လျက်ရှိသော ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းကို ဧပြီလ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

မင်းဘူး-အမ်း-စစ်တွေရထားလမ်းပိုင်းတွင် ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းနှင့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းတို့ကို ဖွင့်လှစ်ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ဒေသများသည် သွားလာရေးခက်ခဲသည့် ဒေသများဖြစ်ရာ ယခုကဲ့သို့ ရထားလမ်းပိုင်းများအပါအဝင် ကားလမ်းများ၊ ရထားလမ်းများမှတစ်ဆင့် မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

ရထားလမ်းများ၊ တံတားများ၊ ကားလမ်းမကြီးများကို တည်ဆောက်ဖောက်လုပ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး အခြေခံကောင်းများရရှိပြီး ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ မြင့်မားလာကာ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ တံတားများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ တစ်နေရာနှင့်တစ်နေရာ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သော ယိုးတရုတ်-ကျောက်တော်ရထားလမ်းကို မြန်မာ့မီးရထားက ၁၁ လဖြင့် အပြီးဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းအရှည် ၁၉ ဒသမ ၈၂ မိုင်ရှိပြီး ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀အောက် တံတား ၆၁ စင်းပါရှိသည်။

ပထဝီအနေအထားအရ ရေခြား၊ မြေခြားဖြစ်နေသော်လည်း တံတားများ၊ ရထားလမ်းများ၊ ကားလမ်းမကြီးများ ဖောက်လုပ်ပေးထားသဖြင့် ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများသည် အဆိုပါဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် အသုံးပြုနိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ဧပြီ ၅ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ပြည့်၊ ဦးမင်းနိုင်နှင့်အဖွဲ့ လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

သုံးခွမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် ဧပြီ ၁၈

သုံးခွမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင် ဦးတင်ဦးလေးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ စန္ဒရားနီနီထွန်း၊ ဒုတိယဥက္ကဋ္ဌ ပန်းချီတင်ဝင်းလေး၊ အတွင်းရေးမှူး မယ်လိုဒီကာ ကျော်ဆွေနှင့် အဖွဲ့ဝင်များပါဝင်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၃၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၁၁။ မီးသတ်ပေးနှိုးဆော်ချက်
၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်**(အပိုင်း -၃၄)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ ဘောလုံးဟာသနှင့်ဂန္တဝင်ဂိုး (၅၀၀)
၆:၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၇၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက်(၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း -၁၁)
၂၉။ **Mini Series**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဧပြီ ၁၈

မွန်ပြည်နယ် မော်လမြိုင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဆုရရှိသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများကိုလည်းကောင်း (အောက်ပုံ)၊ **ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မဏ္ဍပ်ဆုနှင့် နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပရိသတ်များအား နံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး ည ၇ နာရီခွဲတွင် မန်းတောင်ရိပ်ခိုသီချင်းဖြင့် အခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့သည်။

ကြည့်ရှုအားပေး

ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် နံနက်ပိုင်းတွင် ပေါင်မြို့နယ်ဗဟိုမဏ္ဍပ်သို့ရောက်ရှိပြီး ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကာ ကရင်ယဉ်ကျေးမှုအဖွဲ့၊ ပအိုဝ်းယဉ်ကျေးမှုအဖွဲ့နှင့် ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ကြသည့် မဟာသင်္ကြန် တေးသီချင်းသီဆိုဆု ရရှိကြသူများ၊ တေးသီချင်းဆုရရှိကြသူများ၊ ဝတ်စားဆင်ယင်မှုရရှိကြသူများ၊ အကနည်းပြဆု ရရှိကြသူများ၊ တီးဝိုင်းဆုရရှိကြသူများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြသည့် မဟာသင်္ကြန်တေးသီချင်းသီဆိုဆုရရှိကြသူများ၊ တေးသီချင်းဆု ရရှိကြသူများ၊ အကနည်းပြဆုရရှိကြသူများ၊ ဝတ်စားဆင်ယင်မှုဆု ရရှိကြသူများ၊ တီးဝိုင်းဆု ရရှိကြသူများ၊ အတာရေသဘင်ပက်ဖျန်းမှုနှင့် ယိမ်းအဖွဲ့ဂုဏ်ပြုဆုရရှိကြသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ယိမ်းအကဆု ရရှိကြသူများနှင့် ယိမ်းအဖွဲ့ ဂုဏ်ပြုဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်တို့က လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် ယိမ်းအက ပထမရရှိသည့် ရွှေနေကြာယိမ်း၊ ဒုတိယရရှိသည့် ငွေအလင်္ကာယိမ်းနှင့် တတိယရရှိသည့် ပိတောက်ရွှေရည် ယိမ်းအဖွဲ့တို့အား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က လည်းကောင်း ဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် ပထမဆုရရှိကြသည့် ကျောင်းနှင့် ရပ်ကွက်ယိမ်းအဖွဲ့ လုပျိုဖြူများက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

စုပေါင်းသီဆို

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မဏ္ဍပ်ပထမဆုရ ပိတောက်ချယ်ရီမဏ္ဍပ်၊ ဒုတိယဆုရ ရွှေနေကြာမဏ္ဍပ်၊ တတိယဆုရ အိပ်မက်သင်္ကြန်မဏ္ဍပ်နှင့် ဂုဏ်ပြုဆုရ ငြိမ်းချမ်းရေးမဏ္ဍပ်တို့အား ဆုဖလားချီးမြှင့်ပြီး တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ညနေ ၆ နာရီခွဲတွင် ပိတ်သိမ်းလိုက်ကြောင်းကြေညာ၍ "မန်းတောင်ရိပ်ခို(မြနန္ဒာ)" တေးသီချင်းကို စုပေါင်းသီဆိုကြကာ အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

၁၃၇၂ ခုနှစ် တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် ဒေသခံတိုင်းရင်းသားပြည်သူလူထုများသည် ဗုဒ္ဓဘာသာဝင်ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ဘုရားကျောင်းကန်များသို့သွားရောက်၍ လှူဖွယ်ပစ္စည်းများကို သဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခြင်း၊ စတုဒိသာဒါနဖြင့် ကျွေးမွေးခြင်း၊ အတာရေကစားခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဟာသင်္ကြန်ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ည ၇ နာရီတွင် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဇနီးတို့သည် ပထမဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့၊ ဒုတိယဆုရ ဥဿာမြို့သစ် ကိုယ်စားပြု သီရိမေ ယိမ်းအဖွဲ့နှင့် တတိယဆုရ သစ်တောဦးစီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့တို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ကြပြီး ဆုရရှိသော ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတအစည်းအရုံးအဖွဲ့နှင့် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ပဲခူးမြို့ မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားများ၏ကျန်းမာရေး အလေးထားပြုစုစောင့်ရှောက် အလုပ်သမားဆေးရုံကြီး၌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း မှာကြား

ရန်ကုန် ဧပြီ ၁၈

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဧပြီ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးအရာရှိရုံးနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးအရာရှိရုံး၌ ဝန်ထမ်းများအား တွေ့ဆုံပြီး နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူ၍ လုပ်ငန်းအပေါ် စေတနာထား ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

အားပေးစကားပြောကြား

ဒုတိယဝန်ကြီးသည် ဧပြီ ၁၅ ရက်တွင် ဗိုလ်တထောင်မြို့နယ်ရှိ တောင်ပိုင်းဇုန် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး၌ ဇုန်မှူးနှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံပြီး ရန်ကုန်အလုပ်သမားဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ အလုပ်သမားများ၏ကျန်းမာရေးနှင့် စပ်လျဉ်း၍ အလေးထားပြုစု စောင့်ရှောက်ပေးရန်မှာကြားပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ဆည်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တစ်ဆက်တည်း ဆည်ရေသောက်စနစ် ရေသွယ်မြောင်းကြီးများကိုလည်း စီမံချက်ဖြင့် ဆက်လက်အကောင်အထည်ဖော်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ရေနှင့်ငါးခွဲခြားမထားဘဲ ဆည်ကြီးအတွင်း စနစ်တကျ ငါး၊ ပုစွန်များကို လှောင်အိမ်စနစ်ဖြင့် မွေးမြူထုတ်လုပ်၍ ဒေသနေပြည်သူများ၏ သားငါးစားသုံးနိုင်မှုကို ဖြည့်ဆည်းပေးနိုင်ရန် ပညာရှင်များနှင့် ပေါင်းစပ်အကောင်အထည်ဖော်သွားရန်လည်း မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဆည်ရေသောက်စနစ်များ၊ ရေမြောင်းကြီးများ တူးဖော်ပြီးစီးနေမှု၊ ဆက်လက်တူးဖော်နေမှု၊ စပါးအထွက်တိုးရေးအတွက် ပညာပေးစိုက်ခင်းမြေဧက ၂၀ ဖော်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဖောဓိကုန်းရွာအနီး ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေသဖြင့် ရေကြောင်းထိန်းသိမ်းမှုနှင့် ရေတိုက်စားမှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်ရေးအတွက် မြေသားတာ(ပန်းတာအသစ်)တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဦးစွာ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

ဖြတ်တောက်ခဲ့ရပြီး တင်ပါးကိုလည်း ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ ထို့အပြင် ပြီးခဲ့သည့်နှစ်ကလည်း ကျန်းမာရေးဆိုးရွားခဲ့မှုကို ကြပ်မတ်ကုသခဲ့ရသည်။ ယခုအချိန်၌ လမ်းကောင်းကောင်းမလျှောက်နိုင်သော အခြေအနေဖြစ်နေသော်လည်း အငှားကိုယ်ဝန်ဆောင်က ကလေးမွေးဖွားမည်ဖြစ်သည်။

ရှင်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာကလည်း လက်ထပ်ပြီး ၂၅ နှစ်အကြာ၌ မိမိအနေဖြင့် ကလေးထပ်ယူလိုစိတ်များဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် လအနည်းငယ်မှသာ ယင်းဆန္ဒကို အကောင်အထည်ဖော်ရန် ထပ်မံစိတ်ပြင်းပြခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဇာဇာဂိုဘိုရာ၏နာမည်ကို အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း တစ်ကျော့ပြန်ထပ်မံကျော်ကြားလို၍ ဖြစ်ကြောင်း၊ ယင်းမှာ ဇနီးမောင်နှံ နှစ်ဦးစလုံး၏ ဆန္ဒဖြစ်ကြောင်း၊ လက်ရှိ၌ သားတစ်ဦးသာ မွေးဖွားထားရာ ဂါဘိုရာအမည်ပါရှိသော နောက်ထပ်သားသမီးတစ်ဦး၏ နာမည်ကိုလည်း ပေးလို၍ဖြစ်ကြောင်း ခင်ပွန်းဖြစ်သူ ဗွန်အင်ဟက်က ပြောကြားသည်။

ယခုကဲ့သို့ အငှားကိုယ်ဝန်ဆောင်မွေးဖွားမှုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့်ကုန်ကျမည်ဖြစ်သည်။ လက်ရှိခင်ပွန်း ဗွန်အင်ဟက်မှာ အသက် ၆၇ နှစ်အရွယ်ရှိပြီး ဇာဇာဂိုဘိုရာ၏ ကိုးဦးမြောက်ခင်ပွန်းလည်းဖြစ်သည်။ ဇာဇာဂိုဘိုရာ မသေဆုံးခင် မိမိအနေဖြင့် သူမကိုယ်စား ချစ်မြတ်နိုးရန်အတွက် သားသမီးယူရခြင်းဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

ဟန်ဂေရီနွယ်ဖွား အမေရိကန်နိုင်ငံသူ ရုပ်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာသည် ၁၉၅၂ ခုနှစ်က ရိုက်ကူးခဲ့သည့် "Moulin Rouge၊ ၁၉၅၃ ခုနှစ်က ရိုက်ကူးခဲ့သည့် "The Story of Three Loves"၊ ၁၉၅၇ ခုနှစ်က ရိုက်ကူးခဲ့သည့် "The Girl in the Kremlin"၊ ၁၉၅၈ ခုနှစ်က ရိုက်ကူးခဲ့သည့် "Orson Welles" နှင့် "Touch of Evil" ရုပ်ရှင်ဇာတ်ကားများတွင် အထူးအောင်မြင်ကျော်ကြားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Malaysia External Trade Development Corporation (MATRADE) မှ Mr.Haridaso Nagalingam ဦးဆောင်၍ အဖွဲ့ဝင် ၁၆ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၈ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စ၊ နှစ်ဖက်လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည့်ကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာထုတ်လုပ်မှု နေရောင်ခြည်သုံးစွမ်းအင်ထုတ်လုပ်မှုတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိစ္စ၊ နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာကိစ္စ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတို့တွင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်ရေးကိစ္စ၊ စီးပွားကုန်သွယ်မှု လုပ်ငန်းများအတွက် နှစ်ဖက်စီးပွားရေးအဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

(ကုန်စည်/စက်မှုအသင်းချုပ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၂၀-၄-၂၀၁၁

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇:၃၀	ဓမ္မပူဇာတေးပဒေသာ
၇:၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၁၀:၀၀	အမှတ်တရတေးလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂:၀၀	စံတော်ချိန် တေးပဒေသာ
၁၂:၂၅	ဇာတ်လမ်းပမာနားဆင်စရာ (သာသနာ့ဥယျာဉ်မှူး)
၁၂:၄၅	တေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက်
၁၆:၁၀	ညနေခင်းတေးပဒေသာ
၁၆:၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ကြက်သားဟင်း ခရမ်းသီးမီးဖုတ်သုပ်နှင့် ငါးပိရည်တို့စရာ)
၁၇:၁၀	ညနေခင်းတေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၇:၃၅	အင်္ဂလိပ်စာ သုတပဒေသာ(၅၅)
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်
၁၈:၂၀	ကျေးလက်ဇာတ်လမ်း (ခိုင်ယာရီ)
၁၈:၃၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၂၀	သီချင်းကြီး
၁၉:၄၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀	တေးပဒေသာ
၂၀:၅၀	ကျန်းမာရေးသိကောင်းစရာ (အိပ်စက်ခြင်းနှင့် အစားအစာ) လူမှုရေးဦးတည်ချက်
၂၁:၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မင်္ဂလာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၆:၃၅	တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၈)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၆)
၈:၄၅	Sai Sai Birthday Show (Part-1)
၉:၄၀	Cartoon Show Time (Shark Baik)
၁၀:၂၀	အိမ်ရှင်မတို့ အသည်းစွဲ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ကြော်ငြာရိုက်ကွင်း အမှတ်တရ
၁၀:၄၀	Celebrity Style (Doreme)
၁၁:၀၅	ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ သက်တော်(၇၁)နှစ်ပြည့်မွေးနေ့ အမှတ်တရဂုဏ်ပူဇော်
၁၁:၂၀	Activities in the City (မဟာစည်သာသနာ့ရိပ်သာသို့ ထိုင်းနိုင်ငံမဲ့မိတ်ဆွေများမှ အလှူငွေပေးအပ်ပွဲအခမ်းအနား)
၁၁:၂၅	စက္ကန့်တိုင်းအသက်ဝင်စေဖို့
၁၁:၃၅	ယုံကြည်ချက်များနဲ့အတူ
၁၁:၄၅	MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၁၅	ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (အသည်းရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၂:၃၅	အရည်အသွေးတို့၏အစပထမ
၁၂:၅၀	ပန်းများကိုပွင့်စေ၊ မွေးစေသူများသို့ ဦးညွတ်ခြင်း
၁:၀၀	**မင်္ဂလာ** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Hello နှစ်သစ်သင်္ကြန်အကြို Lucky Draw Promotion)
၂:၅၀	ဆီဖြစ်လာမည့်နှမ်းလုံးများ
၃:၀၀	ရွှေပြည်ဟိန်းကုသိုလ်ဖြစ်အထူးကုဆေးခန်း၏ (၆)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား
၃:၁၀	ရန်ကုန်မြင်ကွင်းကျယ် (Graces English Academy ၏ Seminar ပွဲ)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၈)
၄:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၆)
၅:၀၅	အစွမ်းထက်မြက်… မြန်မာ့ဆေးစွမ်းတစ်လက်
၅:၂၅	ရန်ကုန်မြင်ကွင်းကျယ် (ရင်သွေးကလေးဂျာနယ်မှကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် ကလေးများပျော်ပွဲရွှင်ပွဲ)
၅:၃၅	သဘာဝကပေးတဲ့အကျိုးအာနိသင် (ရိုးရာအမွေ) (ပြည့်စုံအောင်၊ နိုဘယ်လ်ကျော်ကျော်၊ မေမြတ်ဆွေ၊ ရွှေဂဲ၊ စံလင်း၊ စိုးလင်းဦး) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၇၉)
၇:၁၀	Sai Sai Birthday Show (Part-2)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Choice (မိုးဟေမာန်ခင်)
၈:၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၇)
၁၀:၁၅	အနုပညာမိုးကောင်းကင်
၁၀:၃၅	Orchard Families (အပိုင်း-၂)
၁၁:၀၀	စာအုပ်ပြခန်း (လင်းသိုက်ညွန့်)
၁၁:၃၀	ကလေးများအတွက် အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ၊ ကလေးသရုပ်ဆောင်-ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
၁၁:၄၅	World of Knowledge (Interpol Investigate Terror in Skies)
၁၂:၃၅	မြန်မာတို့၏ စွဲမက်ဖွယ်ရာ ထိုးမုန့်၊ လမုန့်အရသာ
၁၂:၄၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၂)
၁:၂၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁:၄၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယုံးယုံးနှင့်တွေ့ဆုံခြင်း)
၁:၅၅	ခံစားမှုရသစုံလင်… အမျိုးသားကန်တော်ကြီးဥယျာဉ်
၂:၁၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၂:၄၀	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၂:၅၀	ဖန်ခါးမြေမှရတနာ
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဃဖရား) (အပိုင်း-၁)
၄:၃၀	မြိုင်ရာဇာတွတ်ပီနှင့်အနော်ဖလီး
၄:၄၅	ဓာတ်တော်ရှင် ကျိုက်ထီးရိုးစေတီတော် (ရှမ်းပြည်နယ်မြောက်ပိုင်း)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Newcastle- Man U	ESPN (Live)

အထက်ပိုင်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁၉ရက်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဥတုရာသီ

တောကို မြို၏

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ထိုင်းနှစ်သစ်ကူးရေသဘင်ပွဲတော် သေဆုံးသူ ၂၂၉ ဦး အထိရှိလာ

ဗန်ကောက် ဧပြီ ၁၈

ထိုင်းနိုင်ငံ၏ ရိုးရာဓလေ့နှစ်သစ်ကူးပွဲတော်ဖြစ်သည့် ဆောင်ခရန်ရေသဘင်ပွဲတော်ကို ဧပြီ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တာကာလအတွင်းဆင်နွှဲခဲ့ရာတွင် ယာဉ်မတော်တဆမှုကြောင့် နောက်ဆုံးအတည်ပြုပြီး သေဆုံးသူဦးရေမှာ ၂၂၉ ဦးရှိကြောင်း ထိုင်းအရာရှိများက ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

အဆိုပါရက်များအတွင်း ယာဉ်မတော်တဆဖြစ်မှု ၂၉၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၂၂၉ ဦးသေဆုံးကာ ၃၁၇၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဧပြီ ၁၆ ရက် တစ်ရက်တည်း၌ပင် ၄၁ ဦးသေဆုံးပြီး ၃၈၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရှိ သဘာဝဘေးကာကွယ်တားဆီးရေးနှင့် လျော့ပါးရေးဌာနမှ ပြောကြားသည်။

ဧပြီ ၁၁ ရက်မှ ၁၆ ရက်အထိကာလအတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားခဲ့ရာတွင် မော်တော်ယာဉ် မဆင်မခြင်မောင်းနှင်မှုကြောင့် ၃၀ ရာခိုင်နှုန်းနှင့် အရက်သောက်ပြီးမောင်းနှင်မှုကြောင့် ယာဉ်တိုက်မှု ၃၉ ရာခိုင်နှုန်းတို့ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့မှာ အဓိကယာဉ်တိုက်မှုများပင်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

စစ်ဆေးရေးဂိတ်ဖွင့်လှစ်ထား

မြို့တော်ဗန်ကောက်သို့ဦးတည်ကာ မောင်းနှင်လာကြသည့် အရေအတွက်များပြားလှသော မော်တော်ယာဉ်များ ဘေးကင်းစွာမောင်းနှင်နိုင်ရေးအတွက် အဓိကယာဉ်ကြောများတွင် မော်တော်ယာဉ်များအား အကူအညီပေးရန် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားလျက်ရှိသည်ဟု ရဲတပ်ဖွဲ့ဒုတိယအကြီးအကဲ ဝန်သီက ပြောကြားသည်။

ဆောင်ခရန်ရေသဘင်ပွဲတော်သည် ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးရိုးရာဓလေ့ပွဲတော်တစ်ရပ်ဖြစ်ပြီး ထိုင်းနိုင်ငံသားအများအပြားမှာ မိခင်နိုင်ငံသို့ပြန်လာကာ ဆင်နွှဲကြကြောင်းသိရသည်။

၂၀၀၀ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ထိုင်းရေသဘင်ပွဲတော်၌ သေဆုံးခဲ့သူဦးရေမှာ ၅၀၅၀ ဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ စုစုပေါင်း ၁၈၇၃၀၀ အထိရှိခဲ့သည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း၊ ၁၂ ဦးသေဆုံး

ပေကျင်း ဧပြီ ၁၈

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ဧပြီ ၁၇ ရက်က မိုးသီးများပါရှိသောမိုး သည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်းတို့ကြောင့် ၁၂ ဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်မြို့ပြရေးရာဝန်ကြီးဌာနမှ ဧပြီ ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

ဆောင်ရွက်ပေး

ကွမ်ကျိုး၊ ဖူရှန်၊ ဒုန်ဂန်နှင့် ကျောင်ရှန်တို့အပါအဝင် အချို့မြို့ကြီးများတွင် ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီ ကတည်းက သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

မိုးသည်းထန်ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ၄င်းဒေသများတွင် စိုက်ပျိုးမြေ ၅၀၆ ဒသမ ၇ ဟက်တာ ပျက်စီးခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၇ ဒသမ ၆၅ သန်းခန့် ရှိခဲ့သည်။

ကယ်ဆယ်

ကွမ်တုန်ပြည်နယ် အရာရှိများက သဘာဝဘေးဒုက္ခ ကြုံတွေ့နေရသော ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

ဆီးရီးယားနှင့် အီရတ်နယ်စပ်၌ လက်နက်များသိမ်းဆည်းရမိ

ဒမတ်စကတ် ဧပြီ ၁၈

ဆီးရီးယားနှင့် အီရတ်နယ်စပ်ဖြတ်ကျော်ရေးစခန်း အယ်တာနက်ဖ်၌ အီရတ်ထရပ်ကားတစ်စီးအတွင်းမှ လက်နက်အမြောက်အမြားကို ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း ဆီးရီးယားအရာရှိများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

သိမ်းဆည်းရမိသော လက်နက်များမှာ အရေအတွက်များပြားကြောင်း၊ အကြီးစား၊ အလတ်စားနှင့် အပေါ့စားလက်နက်များပါရှိကြောင်း၊ ပြောင်းရှည်သေနတ်များ၊ ဒုံးကျည်ထိပ်ဖူးများ၊ ဗုံးများနှင့် ညတိုက်ပွဲအထောက်အကူပြုလက်နက်များပါရှိကြောင်း ပြောကြားသည်။

အီရတ်မှ မောင်းနှင်လာသော ထရပ်ကားတစ်စီး ဆီးရီးယားနယ်စပ်သို့ အဝင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးစဉ် ၎င်းလက်နက်များကို သိမ်းဆည်းမိခြင်းဖြစ်သည်။ ယင်းလက်နက်များသည် ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသို့ ထောက်ပံ့ရန်ဖြစ်ကြောင်း ဆီးရီးယားရဲတပ်ဖွဲ့ကပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

အင်ဒိုနီးရှား၌ မြေပြို၊ ကိုးဦးသေဆုံး

ဂျကာတာ ဧပြီ ၁၈

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်တွင် ဧပြီ ၁၇ ရက်က မြေပြိုမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဂျာဗားပြည်နယ်အရာရှိများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

ဆေးရုံတင်ပို့

အခင်းဖြစ်ပွားမှုမှာ ဂျာဗားပြည်နယ် ပန်ဒန်ဆာရီကျေးရွာတွင် ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီခန့်က ရုတ်တရက် မြေပြိုမှုဖြစ်ပွားခဲ့ပြီး ကျေးရွာသားများ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အလျင်အမြန် တင်ပို့ပေးခဲ့ရကြောင်း ၄င်းတို့က ပြောကြားသည်။ (အင်တာနက်)

❖ မိုးမြင့်လင်းလက် ➢ စုစည်းသည် ❖

အဏ္ဏဝါသုတေသနသင်္ဘော အီရန်တည်ဆောက်မည်

တီဟီရန် ဧပြီ ၁၈

အီရန်နိုင်ငံက ပြည်တွင်းကျွမ်းကျင်သူများဖြင့် အရှေ့အလယ်ပိုင်း၌ ပထမဆုံးအဏ္ဏဝါသုတေသနသင်္ဘောကို တည်ဆောက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အစ္စနာသတင်းဌာနက ဧပြီ ၁၈ ရက်၌ ထုတ်ပြန်ကြေညာလိုက်သည်။

စာချုပ်ချုပ်

အီရန်ဝန်ကြီးဌာန လေးခုနှင့် အီရန်အမျိုးသားအဏ္ဏဝါသိပ္ပံ (အိုင်အင်န်အိုင်အို)မှ တာဝန်ရှိသူများ တွေ့ဆုံရာတွင် အဏ္ဏဝါသုတေသန သင်္ဘောဒီဇိုင်းပုံစံရေးဆွဲရေး၊ တည်ဆောက်ရေးနှင့် လိုအပ်သောပစ္စည်းကိရိယာများ တပ်ဆင်ရေးအတွက် ကန်ထရိုက်စာချုပ် ချုပ်ဆိုပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

စံနမူနာ

ယင်းအဏ္ဏဝါသုတေသနသင်္ဘောကို အသုံးပြုပြီး အီရန်နိုင်ငံ၏ အဏ္ဏဝါသုတေသန ရည်မှန်းချက်များ အောင်မြင်မှုရရှိအောင်နှင့် ဒေသတွင်းနိုင်ငံများ စံနမူနာအဖြစ် ဆောင်ရွက်လာနိုင်အောင် ရည်ရွယ်ကြောင်း အိုင်အင်န်အိုင်အိုအကြီးအကဲ ဝါဟစ်က ပြောကြားသည်။ **(အင်တာနက်)**

အပိုင်စီးထားသော ပနားမားကုန်တင်သင်္ဘော ဆိုမာလီတားပြမျာ း ပြန်လွှတ်ပေး

နိုင်ရိုဘီ ဧပြီ ၁၈

ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးထားခဲ့သော ပနားမားအလံ လွှင့်ထူထားသည့် ကုန်သင်္ဘောကို ဧပြီ ၁၆ ရက်က ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ပနားမားရေကြောင်း အရာရှိများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။

ယင်းသင်္ဘောကို ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က အပိုင်စီးသွားခဲ့ခြင်း ဖြစ်ပြီး ယခုအခါ သင်္ဘောသား ၁၅ဦးစလုံးနှင့်အတူ ပြန်လည်လွှတ်ပေး လိုက်ခြင်းဖြစ်ကြောင်း ၄င်းတို့က အတည်ပြုပြောကြားသည်။ *(အောက်ပုံ)*

(အင်တာနက်)

ဂျပန်ငလျင်ကြောင့် သေဆုံးသူ ၁၃၈၄၃ ဦးရှိလာ

တိုကျို ဧပြီ ၁၈

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် မတ် ၁၁ ရက်က လှုပ်ခဲ့သော ရစ်ချ်တာစကေး ၉ ရှိ အင်အားပြင်းငလျင်နှင့် ဆူနာမီဘေးအန္တရာယ်တို့ကြောင့် သေဆုံးရသူဦးရေမှာ ဧပြီ ၁၈ ရက်အထိ ၁၃၈၄၃ ဦးရှိလာပြီဖြစ်ကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထို့အပြင် ဧပြီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီအထိ ပျောက်ဆုံးနေဆဲ ဦးရေမှာ ၁၄၀၃၀ ရှိကြောင်း ၄င်းတို့က ထုတ်ပြန်သောသတင်း၌ ဖော်ပြထားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

တရုတ်တောင်ပိုင်းကမ်းလွန်၌ သင်္ဘောနှစ်စင်းတိုက်မိ၊ လောင်စာဆီများယိုဖိတ်

မောင်ချစ်ကြည် - စုစည်းသည်

ကျူးဟိုင် ဧပြီ ၁၈

တရုတ်နိုင်ငံတောင်ပိုင်းကမ်းလွန်တွင် ဧပြီ ၁၇ ရက်က လောင်စာဆီတင် သင်္ဘောနှစ်စင်း တိုက်မှုဖြစ်ပွားပြီးနောက် ဒီဇယ်ဆီနှစ်တန်ခန့် ပင်လယ်အတွင်း ယိုဖိတ်ခဲ့ကြောင်း ကျူးဟိုင်ဆိပ်ကမ်းအရာရှိများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။ (အောက်ပုံ)

ယိုဖိတ်

လောင်စာဆီတင် ဂိုချန်နှင့် ကျန်ကျူ့အမှတ်-၁ အမည်ရှိ သင်္ဘောနှစ်စင်းသည် မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြခြင်းဖြစ်ပြီး ထိုသို့တိုက်မှုကြောင့် ဂိုချန်အမည်ရှိ သင်္ဘောသည် ကိုယ်ထည်အက်ကွဲခဲ့ကာ ဒီဇယ်ဆီများ ယိုဖိတ်ခဲ့ခြင်း ဖြစ်သည်။

ရှင်းလင်းလျက်ရှိ

ယခုအခါ အက်ကွဲနေသည့်နေရာကို ပြုပြင်ပြီးနောက် ပင်လယ်အတွင်း ရေနံယိုဖိတ် ပျံ့နှံ့နေမှုများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

ထိုလောင်စာဆီတင်သင်္ဘောနှစ်စင်း မည်သို့တိုက်မှုဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ (အင်တာနက်)

အီရန်နှင့် တူရကီနယ်စပ်၌ စက်မှုမြို့ ပူးတွဲထူထောင်မည်

တီဟီရန် ဧပြီ ၁၈

အီရန်နှင့် တူရကီနှစ်နိုင်ငံနယ်စပ်တွင် စက်မှုမြို့တစ်မြို့ကို ပူးတွဲထူထောင်သွားရန် စီစဉ်နေကြောင်း၊ အနာဂတ်ကာလတွင် နှစ်နိုင်ငံစီးပွားရေး ပူးတွဲဆောင်ရွက်သွားရန်အတွက်ဖြစ်ကြောင်း တူရကီသံအမတ် ယူမစ်ယာဒမ်က ဧပြီ ၁၈ ရက်၌ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ယခုနှစ်ကုန်တွင် ၎င်းစက်မှုမြို့ကို ပူးတွဲတည်ဆောက်မည်ဖြစ်ရာ မြေနေရာ ရွေးချယ်သတ်မှတ်ရေးအတွက် အီရန်နိုင်ငံ အနောက်မြောက်ပိုင်းတော်ယူမီယက်မြို့၌ တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် အီရန်နိုင်ငံ၏ အနောက်အဇာဘိုင်ဂျန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (အင်တာနက်)

တက္ကဆက်ပြည်နယ်၌ တောမီးလောင်ကျွမ်း

ဟူစတန် ဧပြီ ၁၈

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အနောက်တောင်ပိုင်းတွင် ဧပြီ ၁၇ ရက်က တောမီးများလောင်ကျွမ်းခဲ့ရာ အနီးဝန်းကျင်မှ နေအိမ်များကို ရွှေ့ပြောင်းပေးခဲ့ရပြီး သစ်တောဧရိယာ ၃၀၀၀ ခန့် မီးလောင်ကျွမ်းခဲ့ရကြောင်း အမေရိကန်အရာရှိများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။

ယင်းတောမီးမှာ ဟာဒင်စီရင်စုမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များ၊ မီးငြိမ်းသတ်ရေးရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

တက္ကဆက်ပြည်နယ်တွင် အပူချိန်မြင့်မားမှုနှင့် လေပြင်းများ တိုက်ခတ်နေမှုကြောင့် တောမီးများ လျင်မြန်ပျံ့နှံ့စွာ လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

ဧပြီ ၁၈ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၀၇ ဒသမ ၉၂
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၁
၃။	ရွှေ	တစ်အောင်စ	၁၄၉၈ ဒသမ ၈၀
၄။	ငွေ	တစ်အောင်စ	၄၃ ဒသမ ၅၈
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၅
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ကွပ်ကဲဆောင်ရွက်

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးက စည်းကမ်းစနစ်တကျရှိစေရေး စည်းရုံးကြပ်မတ် ကွပ်ကဲဆောင်ရွက်ခဲ့ကြသည်။

ပျော်ရွှင်စွာဆင်နွှဲ

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်လွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူတချို့ကြောင့် ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း လူသတ်မှုနှစ်မှု၊ ယာဉ်မတော်တဆမှု ၃၅မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၅၄ မှု၊ ဝတ္ထုရားနှောင့်ယှက်မှု လေးမှု၊ မူးယစ်ရမ်းကားမှု ခြောက်မှု၊ ခါးပိုက်နှိုက်မှု သုံးမှု၊ စည်းကမ်းပျက်မှု တစ်မှု စုစုပေါင်း ၁၀၅ မှု ဖြစ်ပွားခဲ့ပြီး လူခြောက်ဦး သေဆုံးကာ ၁၄၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများမှာ လူသတ်မှုကြောင့် သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရရှိသူနှစ်ဦး၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၇၂ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၇၁ ဦး၊ ဝတ္ထုရားနှောင့်ယှက်မှုကြောင့် ဒဏ်ရာရရှိသူ သုံးဦးနှင့် မူးယစ်ရမ်းကားမှုကြောင့် ဒဏ်ရာရရှိသူတစ်ဦးတို့ ဖြစ်ကြသည်။

အလေးထားလိုက်နာ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူလူထုအနေဖြင့် နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး လိုက်နာရန်စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန် အချက်များကို အထူးအလေးထားလိုက်နာကာ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ မြန်မာ့ရိုးရာသင်္ကြန်ကို စည်းကမ်းတကျဆင်နွှဲကြခြင်းဖြင့် သင်္ကြန်ပွဲတော်ကာလများအတွင်း သင်္ကြန်နှင့်ဆက်နွှယ်သည့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှုခင်းများ တစ်စတစ်စလျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ အပျော်လွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူအချို့ကိုလည်း လက်တွဲခေါ်ယူဆုံးမကာ ပြုပြင်ပေးခြင်းဖြင့် မှုခင်းများမလွဲမသွေ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တာလေမြို့ ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

တာချီလိတ် ဧပြီ ၁၈

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့နှင့် ကျေးရွာများ၌ မတ် ၂၄ ရက်က လှုပ်ခဲ့သော ငလျင်ဒဏ်သင့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဧပြီ ၉ ရက်တွင် Asian Wings Airway က စာသင်ကျောင်းဆောင်များ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဘက်စုံပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ်သိန်း ၅၀၊ Sunfar ခရီးသွားလုပ်ငန်းက ဘာသာရေး အဆောက်အအုံများ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၅၀၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ကျပ်သိန်း ၂၀ ကျော်၊ ဒေါ်အေးအေးသန်း ဒုတိယဌာနမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ခုနစ်ပေ သွပ်အချပ် ၁၀၀၀၊ ဧပြီ ၁၀ ရက်တွင် ဆည်မြောင်းရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့်က ငွေကျပ်ငါးသိန်း၊ ဧပြီ ၁၁ ရက်တွင် ဦးဘိုလေး-ဒေါ်မေရီ မိသားစု(လန်းဆန်းထွန်း) ခရီးသွားလုပ်ငန်းက ငွေကျပ် ၃၅ သိန်း လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

● ***ရွှေ့ဖုံးမှ***

ရုပ်ရှင်အတတ်ပညာဖြင့် ဖန်တီးတင်ဆက်ခဲ့သည့် ဇာတ်ဝင်ခန်းများမှ ရေအောက်၌ မောင်းနှင်ခဲ့သော မော်တော်ယာဉ်ကို ယခုအချိန်၌ လက်တွေ့ တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

မောင်းနှင်နိုင်

စကူဘာဟု အမည်ပေးထားသော ရေအောက်မောင်း မော်တော်ယာဉ်သည် ယာဉ်မောင်းအပါအဝင် နှစ်ဦးစီးနင်းနိုင်ပြီး ရေအောက် အနက် ၁၀ မီတာတွင် တစ်နာရီ ၁ ဒသမ ၈ မိုင်နှုန်းမောင်းနှင်နိုင်သည်။ ရေအောက်တွင် မောင်းနှင်သည့်အခါ ရေ၏ဖိအားကြောင့် ကားပြတင်းတံခါးများ အက်ကွဲနိုင်သဖြင့် အမိုးဖွင့် အနေအထားဖြင့် ထုတ်လုပ်ထားသည်။

ပြုလုပ်ထား

ထိုသို့ အမိုးဖွင့်ထားသဖြင့် ရေအောက်၌ မောင်းနှင်သည့်အခါ ရေအောက်သီးခြားကမ္ဘာသို့ ရောက်ရှိသွားလာနေသည့်အလား တိုက်ရိုက်ကြုံတွေ့ခံစားရမည်ဖြစ်သည်။ အမိုးဖွင့်ထားသည့်အတွက် ရေအောက်၌ မောင်းနှင်သွားလာစဉ် မတော်တဆဘေးအန္တရာယ်ကြုံတွေ့ရပါက ယာဉ်မောင်းနှင့်လိုက်ပါသူတို့ လျင်မြန်စွာ ရှောင်တိမ်းထွက်ခွာရန်အတွက်လည်း ပြုလုပ်ထားခြင်းဖြစ်သည်။

ရေအောက်၌ မော်တော်ယာဉ်မောင်းနှင်သူနှင့်လိုက်ပါသူတို့အတွက် အောက်ဆီဂျင်ဘူး တပ်ဆင်ပေးထားသည်။ မော်တော်ယာဉ် မောင်းနှင်နိုင်ရန် ဓာတ်အားပြန်လည် ဖြည့်သွင်း၍ရသည့် လစ်သီယမ် အိုင်ယွန်းဘက်ထရီများ တပ်ဆင်ပေးထားသည်။ စကူဘာ မော်တော်ယာဉ်ကို ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့လုံးဝမထွက်အောင် ဖန်တီးထားသည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်နိုင်ရန် မော်တာနှင့် အင်ဂျင်များကို အလွယ်တကူ လဲလှယ်တပ်ဆင်နိုင်အောင် ပြုလုပ်ထားသည်။

စကူဘာတွင် စုစုပေါင်း မော်တာသုံးလုံးတပ်ဆင်ထားရာ မော်တာ တစ်လုံးမှာ ကုန်းမြေပေါ်၌ မောင်းနှင်ရန်ဖြစ်ပြီး ရေအောက်တွင် မော်တာနှစ်လုံးဖြင့် မောင်းနှင်မည်ဖြစ်သည်။ ရေအောက်ကြမ်းပြင်အထိ မနစ်မြုပ်ဘဲ ရေထဲ၌ မောင်းနှင်၍ရနိုင်ရန် မော်တော်ယာဉ်ရှေ့ပိုင်းနှင့် ကိုယ်ထည်တို့တွင် လေအိတ်နှစ်လုံး တပ်ဆင်ထားသည်။ ရေပေါ်တွင် ပေါလောမပေါ်စေရန်နှင့် ရေအောက်ကြမ်းပြင်အထိလည်း မော်တော်ယာဉ်မနစ်မြုပ်စေရန် စနစ်တကျ တွက်ချက်ပြုလုပ်ထားခြင်းဖြစ်သည်။

ထို့အပြင် မော်တော်ယာဉ်ကိုယ်ထည်တွင် နာနိုအဆင့်မြင့်နည်းပညာ အသုံးပြုထားသည့် လေအိတ်အပိုများလည်း ပါရှိသည်။ ယင်းလေအိတ်များက ရေအောက်မှအပေါ်တက်ရန်နှင့် ရေပေါ်မှ ရေအောက်သို့ နစ်မြုပ်စေရာတွင် အခက်အခဲရှိပါက အသုံးပြုရန်ဖြစ်သည်။ စကူဘာအနေဖြင့် ရေအောက်၌ မောင်းနှင်နေစဉ် မတော်တဆရေပေါ်သို့ ရုတ်တရက် ပေါ်လာမှုမဖြစ်စေရန်လည်း လေအိတ်များကိုစနစ်တကျ ပြုလုပ်ထားသည်။ ရေယက်များ သဖွယ်ပြုလုပ်ထားသောအချင်းဝက် ၁၇ လက်မနှင့် ၁၈လက်မရှိသည့် ဘီးလေးလုံးကိုလည်း အလွန်ပေါ့ပါးအောင် ပြုလုပ်ထားသည်။ မော်တော်ယာဉ်၏ ကိုယ်ထည်နှင့် အင်ဂျင်ပစ္စည်း အစိတ်အပိုင်းများအားလုံးကို ပင်လယ်ဆားငန်ရည်ဒဏ်ခံနိုင်အောင် အထူးစီမံထုတ်လုပ်ထားသည်။

ထုတ်လုပ်ထား

ရေငုပ်သင်္ဘော တစ်စင်းတွင်ရှိသော အဆင့်မြင့်နည်းစနစ်များကိုလည်း ထည့်သွင်းထုတ်လုပ်ထားရာ ခံစားမှုအသစ်၊ အတွေ့အကြုံအသစ်နှင့် မြင်ကွင်းအသစ်များကို မြင်တွေ့ သိရှိခံစားလိုကြသူများနှင့် ကမ္ဘာလှည့် ခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်ပင် ဖြစ်သည်။ **(အင်တာနက်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် (ခရစ်နှစ် ၂၀၁၁ ခုနှစ်) မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ည ၈ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတို့ တက်ရောက်အားပေးပြီး ဆုများချီးမြှင့်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးလုပ်ငန်း)နှင့် တတိယဆုရ ဟိုတယ်ခရီးမိသားစုမဏ္ဍပ်တို့အားလည်းကောင်း၊ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်က ဒုတိယဆုရ ပညာရေးမိသားစုမဏ္ဍပ်နှင့် ပထမဆုရ အာကာသီတာမဏ္ဍပ် (ပို့ဆောင်ရေးဝန်ကြီးဌာန)တို့အားလည်းကောင်း ငွေဖလားနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် အလှပြ မဏ္ဍပ်ဆုများအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအား ငွေကျပ်ငါးသောင်းစီ ထပ်မံဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ထို့နောက် အလှပြယာဉ် နှစ်သိမ့်ဆုများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

မုံရွာမြို့

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အကဲဖြတ်ဒိုင်များ၊ ဗဟိုမဏ္ဍပ်အကအဖွဲ့များ၊ အနုပညာရှင်များ၊ အလှပြယာဉ်၊ သီချင်းဆုနှင့် မဏ္ဍပ်ယှဉ်ပြိုင်ဆုရရှိသူများအား ဆုဖလားနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။

ယိမ်းအဖွဲ့နှင့် အထက(၄)မှ ပိတောက်စိမ်းယိမ်းအဖွဲ့တို့အား လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က လည်းကောင်း၊ ဒုတိယဆုရ သူနာပြုသင်တန်းကျောင်းကိုယ်စားပြု မီးအိမ်ရှင်အလှယိမ်းအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးဒေါ်ခင်ပြုံးဝင်းက လည်းကောင်း၊ ပထမဆုရ တလိုင်းထိန်၊ သဘော်ဆိပ်၊ ဒေါင်းငူနှင့် ကြက်စားပြင်ရပ်ကွက်များ ကိုယ်စားပြု ရွှေပြည်အေးယိမ်းအဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ဆုများချီးမြှင့်ကြပြီး ပထမဆုရ ရွှေပြည်အေးယိမ်းအဖွဲ့က ပြိုင်ပွဲဝင်ယိမ်းအကဖြင့် ပြန်လည်ဖျော်ဖြေသည်။

သောအသင်းများမှ ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား ပြည်နယ်ပညာရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာက လည်းကောင်း ဆုအသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုမဏ္ဍပ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးလဂျွန်ငန်ဆိုင်းက ပေးအပ်ချီးမြှင့်ပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းကြောင်းကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်တွေမြို့

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဗိုလ်မှူးကြီးထိန်လင်းက နံ့သာသွေးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် အသင်းများအား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါ်နုနုဇံက ရခိုင်ပြည်နယ် ယဉ်ကျေးမှုတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုငွေပေးအပ် ချီးမြှင့်ပြီး နံ့သာသွေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် အသင်း သုံးသင်းတို့အား ESSAR ကုမ္ပဏီမှ တာဝန်ရှိသူများက ထပ်ဆင့်ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့်ရခိုင်အဆိုတော်အဖွဲ့တို့အား သက်ဆိုင်ရာ တာဝန်ရှိသူ

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်တွင် ပထမဆုရ ယိမ်းအကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်သိမ်းပွဲအခမ်းအနားတွင် ဗဟိုမဏ္ဍပ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဦးစန်းမောင်က မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အား ပုံစံထုတ် ရေးဆွဲပေးသောပညာရှင် ဦးတင်ဦးခိုင် (ရွှေပြည်သာဝတီ ဆောက်လုပ်ရေးကုမ္ပဏီ)၊ တေးဂီတပညာရှင်များဖြစ်ကြသော အကယ်ဒမီ ဦးစိန်မွတ္တာနှင့် အကယ်ဒမီ ဦးသော်ဇင်(လဝန်းအိမ်တေးဂီတ)၊ အကဲဖြတ်ဒိုင်အဖွဲ့ကိုယ်စား ဒေါက်တာ ခင်မောင်ဦး (ပါမောက္ခချုပ် ရတနာပုံတက္ကသိုလ်) တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ ဓာတ်ပုံအသင်းအတွင်းရေးမှူး ဦးထွန်းထွန်း (ချင်းတွင်း)၊ မန္တလေး ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသိန်းဌေးမောင်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်တို့က ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှပြမဏ္ဍပ်ဆုများပေးအပ်ချီးမြှင့်ရာ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အလှပြမဏ္ဍပ် နှစ်သိမ့်ဆုရ ကျွန်းရွှေဝါမဏ္ဍပ် (သစ်

ချုပ် ဦးတင်စိုးနှင့် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးတို့က ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အလှပြယာဉ်တတိယဆုရ ပုဂံရွှေပြည် (ညောင်ဦးခရိုင်)၊ ဒုတိယဆုရ ထီလာမေ(မိတ္ထီလာခရိုင်)နှင့် ပထမဆုရ မြနန်းမန္တလာ(မန္တလေးခရိုင်) တို့အား ငွေဖလားနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီးက မန္တလေးခရိုင်ကိုယ်စား မြနန်းမန္တလာ အလှပြယာဉ်မှအပ ရပ်ဝေးမှ လာရောက်ယှဉ်ပြိုင်သော ကျန်အလှပြယာဉ် ခြောက်စီးအား ဆုချီးမြှင့်ငွေအပြင် တစ်စီးလျှင် ငွေကျပ် သုံးသိန်းစီ ထပ်မံချီးမြှင့်ခဲ့သည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ည ၁၂ နာရီတွင် ကျင်းပရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာ ဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်က နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝေဝေခိုင်က မဏ္ဍပ်အက တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရ မဏ္ဍပ်များအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက မဏ္ဍပ်အလှ တတိယ၊ ဒုတိယနှင့် ပထမဆုရ မဏ္ဍပ်များအား လည်းကောင်း ဆုဖလားနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ ညနေ ၆ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ၁၃၇၂ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးယိမ်းအဖွဲ့များအား တိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ဦးက လည်းကောင်း၊ အထူးဆုရရှိသော ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးမြတ်ကိုက လည်းကောင်း၊ တတိယဆု ရရှိကြသည့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရွှေဝါဖူးယိမ်းအဖွဲ့၊ ထားဝယ်တက္ကသိုလ်မှ တက္ကသိုလ်ပိတောက်မေ

ဆက်လက်၍ ၁၃၇၂ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က ပိတ်ပွဲနှုတ်ဆက်စကား ပြောကြားပြီး ယိမ်းအကအလှအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် သီဆိုကပြခဲ့ကြသည်။

မြစ်ကြီးနားမြို့

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်သိမ်းပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ဗဟိုမဏ္ဍပ်မှ ယိမ်းအလှအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ နှစ်သိမ့်ဆုရ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၁၃ သင်း၊ စီဒီကက်ဆက်ဖြင့် ပြိုင်ပွဲဝင်သည့် အသင်းများမှ ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများအား ပြည်နယ်တရားသူကြီးချုပ်၏ဇနီး ဒေါ်ထုဆိုင်းက လည်းကောင်း၊ ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်စာသားဖြင့် ယှဉ်ပြိုင်

ကြီးမှူးကျင်းပသည့် ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် ဧည့်ပရိသတ်တို့က မြနန္ဒာသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ပိတ်သိမ်းပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဧရာဝတီတိုင်းဒေသကြီး မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ယိမ်းအဖွဲ့များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧပြီ ၁၆ ရက်က မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

များရှိ လမ်းဘေးများတွင်လည်း မီးကြိုတင် သတိပေးသည့် အနေဖြင့် '**လမ်းသွားရင်း ဆေးလိပ်မသောက်ရ**' ဟူသော စာသားကို အများမြင်သာအောင် ရေးသားထားပါသည်။

ဤကဲ့သို့ ထောင့်စုံ၊ ဘက်စုံ၊ နေရာစုံမှ အသိပေး၊ သတိပေး၊ ပညာပေး နှိုးဆော်နေခြင်းကား မီးသည် မည်ရွေ့မည်မျှအထိ အရေးကြီးကြောင်း၊ ကြောက်စရာကောင်းကြောင်းကို လှစ်ဟဖော်ပြနေဘိသကဲ့သို့ပင် ဖြစ်ပါသည်။

များပြားလွန်း

အမှန်လည်း မီးကိုပေါ့ဆစွာ သုံးစွဲပါက လွန်စွာမှပင် ရက်စက်ကြမ်းကြုတ်၍ ကြောက်စရာကောင်းလှပါသည်။ မီးဘေးကြောင့် နှစ်စဉ်နှစ်တိုင်း အိုးမဲ့အိမ်မဲ့၊ ဥစ္စာမဲ့ခဲ့ရသော လူများ၊ ဆုံးရှုံး နစ်နာခဲ့ရသော တန်ဖိုးများကား များပြားလွန်းလှပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဆုံးရှုံးမှုကြီးမားခဲ့သည့် မီးလောင်မှု ဖြစ်စဉ်အချို့ကို တင်ပြလိုပါသည်။

၎င်းတို့မှာကား…

၂၉-၁-၂၀၀၁က အုတ်ဖိုမြို့ စည်ပင်ဈေး။ ၂၅-၁၂-၂၀၀၁က လားရှိုးမြို့ စည်ပင်ဈေး။ ၂၉-၃-၂၀၀၂က နေပြည်တော်ခရိုင် တပ်ကုန်းမြို့ စည်ပင်ဈေး။ ၂၇-၁-၂၀၀၄က ကျိုက်ထီးရိုးဘုရားရင်ပြင်ဈေး။ ၃၀-၁၁-၂၀၀၅က လှိုင်သာယာ ချားမင်းစက်ရုံ။ ၂၄-၁၀-၂၀၀၆က သဃ်န်းကျွန်းလင်းထက် အထည်ချုပ်စက်ရုံ။ ၁၉-၂-၂၀၀၇က ပခုက္ကူမြို့မဈေး။ ၁၅-၈-၂၀၀၇က လှိုင်သာယာ အထည်ချုပ်စက်ရုံ။ ၁၄-၁၀-၂၀၀၇က ရွှေပြည်သာ အစာစပ်စက်ရုံ။ ၂၂- ၁၀- ၂၀၀၇ က လှိုင်သာယာခြူးအင်တာနေရှင်နယ်ဖိနပ်စက်ရုံ။ ၂၅-၂-၂၀၀၈က မန္တလေးမြို့ ရတနာပုံဈေး။ ၉-၉-၂၀၀၈က တွံတေးမြို့မဈေး။ ၁-၁၂-၂၀၀၈က မော်လမြိုင်မြို့ဈေး။ ၂၂-၈-၂၀၀၉ က MWDC အရက်ချက်စက်ရုံ။ ၁၂-၂-၂၀၁၀က သဃ်န်းကျွန်းဈေးနှင့် ၂၄-၅-၂၀၁၀ က မင်္ဂလာတောင်ညွန့် မင်္ဂလာဈေး စသည်တို့သည် မီးဘေးအန္တရာယ်ကြီးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။

အထက်ပါ ဆုံးရှုံးမှုကြီးမားခဲ့ရသည့် မီးလောင်မှုများအနက်မှ မင်္ဂလာတောင်ညွန့် မင်္ဂလာဈေး မီးလောင်မှု အခြေအနေကို အကျဉ်းမျှတင်ပြလိုပါသည်။

ငြိမ်းသတ်

၂၀၁၀ ခုနှစ် မေလ ၂၄ ရက်နေ့ နံနက် ၈ နာရီခွဲခန့်မှစတင်လောင်ကျွမ်းခဲ့သော မင်္ဂလာဈေး မီးသည် မေလ ၂၅ ရက်နေ့ ညနေ ၆နာရီကျမှသာ လုံး၀ ငြိမ်းသတ်နိုင်ခဲ့သည်။ ၃၃နာရီ ကြာမျှ ငြိမ်းသတ်ခဲ့ရသည်။

အဆိုပါ မင်္ဂလာဈေး မီးလောင်ကျွမ်းမှုတွင် မီးသတ်တပ်ဖွဲ့၀င်အချို့နှင့်အတူ ပြည်သူ ၅၀ နီးပါးမျှ ဒဏ်ရာအနည်းငယ်စီရရှိခဲ့ကြသည်။

မြန်မာနိုင်ငံ၏ မီးလောင်ကျွမ်းမှုသမိုင်းတွင် စံချိန်တင် ကြီးမားခဲ့သော မီးကား ၁၂၇၁ ခုနှစ် အကုန် ၁၂၇၂ ခုနှစ် သင်္ကြန်အကြတ်နေ့တွင် မန္တလေးမြို့၌ လောင်ကျွမ်းခဲ့သော မီးပင်ဖြစ်သည်။ အဆိုပါ မီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့၀င်များသည် ခုနစ်ရက်နှင့် ခုနစ်ညတိတိ ငြိမ်းသတ်ခဲ့ကြရပါသည်။

လောင်ကျွမ်း

ကမ္ဘာပေါ်တွင်တော့ ရက်အကြာဆုံးမီးလောင်မှုမှာ ၁၈၄၂ ခုနှစ် ဂျာမနီနိုင်ငံ ဟမ်းဗတ်မြို့တွင်ဖြစ်ပွားခဲ့ပြီး နာရီပေါင်း ၁၀၀ ကြာအောင် လောင်ကျွမ်းခဲ့သည်။ အဆိုးရွားဆုံးသော မီးလောင်မှုများမှာကား အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၈၆၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှ စတင်လောင်ကျွမ်းခဲ့သော လန်ဒန်မြို့၏ မီးကြီးဟုခေါ်သည့် မီးလောင်မှုကြီးပင် ဖြစ်သည်။ အဆိုပါ မီးလောင်ကျွမ်းမှုတွင် လူနေအိမ်ပေါင်း ၁၃၂၀၀ ခန့်နှင့် လူပေါင်းများစွာ သေဆုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ စတာလင်ပေါင် ၆၅ ကုဋေခန့်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထိုထိုသော မီးလောင်မှုများကား ကမ္ဘာတစ်ဝန်းရေတွက်ရာ ကုန်နိုင်ဖွယ်ရာပင်မရှိပါ။ "မီး" ဘာကြောင့် လောင်ရသနည်း…။

မီးလောင်ရခြင်းအကြောင်းကား များစွာရှိသော်လည်း ချုပ်လိုက်သည်တွင်တော့ ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်မီး၊ ရှို့မီး၊ အလိုအလျောက်မီး၊ တောမီး စသည်တို့ကြောင့်ပင် ဖြစ်ပါသည်။

ရောက်ရှိ

မီးကား မည်သည့်ပုံစံ၊ မည်သည့်အကြောင်းကြောင့်ပဲ လောင်ကျွမ်းရသည်ဖြစ်စေ မီးလောင်သည်ဆိုသည်နှင့် အိမ်တစ်အိမ် မိသားစုတစ်စုမှ နေ၍ အိမ်ပေါင်းများစွာ၊ မိသားစုပေါင်းများစွာ အိုးမဲ့ အိမ်မဲ့၊ ဥစ္စာမဲ့သော ဘ၀သို့ ချက်ချင်းလက်ငင်း ရောက်ရှိသွားကြရတော့သည်။ လွန်စွာမှပင်ဝမ်းနည်းကြေကွဲစရာ ကောင်းလှသော ဖြစ်ရပ်ပင်ဖြစ်သည်။

မီးလောင်ကျွမ်းမှုခံရသောကာယကံရှင်မိသားစုသာ နစ်နာဆုံးရှုံးရသည်မဟုတ်။ နိုင်ငံတော်အနေဖြင့်လည်း စားဝတ်နေရေးနှင့် ကျန်းမာရေးကို လုပ်ပေး၊ ဖြည့်ဆည်းပေးရသည့်အတွက် ကုန်ကျစရိတ်များ ရှိခဲ့ပါသည်။ ထို့အပြင် မီးဘေးသင့်ခံရသူများ နေသားတကျမဖြစ်မချင်း ယင်းတို့ထံမှ ကာယ၊ ဉာဏ လုပ်အားများ ဆုံးရှုံးရပါသည်။

အချို့သော မီးလောင်ကျွမ်းမှုများတွင် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ပါသွားရာ အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီး တစ်ရပ်ပင် ဖြစ်ပါသည်။

မီးလောင်ကျွမ်းသည်ဆိုသည်နှင့် အစစအရာရာ ဆုံးရှုံးရတော့သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် မီးမလောင်အောင်လုပ်ဖို့ လိုသလို၊ မီးဘေးကြိုတင်ကာကွယ်ရေးလည်း လုပ်ဆောင်ရန် လိုအပ်၍လာပါသည်။

မီးဘေးအန္တရာယ်ကား လူသားတိုင်းနှင့်သက်ဆိုင်နေပါသည်။

တတ်ကျွမ်းနားလည်

မီးဘေးကြိုတင်ကာကွယ်ရေးကို လူတိုင်းသိရှိနားလည်ရန် လိုအပ်သလို၊ မီးငြိမ်းသတ်နည်းကိုလည်း တတ်ကျွမ်းနားလည်ဖို့ လိုအပ်ပါသည်။ အထူးသဖြင့် မီးကို မပေါ့ဆဖို့၊ အထင်အမြင်မသေးဖို့ အထူးပင် လိုအပ်ပါသည်။ ထို့အပြင် ငယ်ရွယ်သော ကလေးငယ်များကို မီးထွန်းခိုင်းခြင်း၊ မီးမွေးခိုင်းခြင်းများကို မပြုလုပ်သင့်ပေ။ အချို့သော မီးလောင်ကျွမ်းမှုများမှာ ကလေးငယ်များ မီးမွေးရာမှ စတင်၍ လောင်ကျွမ်းခြင်းပင် ဖြစ်ပါသည်။

အိမ်တိုင်း အိမ်တိုင်းမှ မိသားစုများသည် မီးကို သတိပြုသုံးစွဲခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများ စစ်ဆေးခြင်း၊ မီးလောင်ကျွမ်းလွယ်သော ပစ္စည်းပစ္စယများ ဖယ်ရှား ရှင်းလင်းခြင်းနှင့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ၊ ရေကန်များအသင့်ပြုလုပ်ထားခြင်းဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရှိရန် လိုပါသည်။

နှိုးဆော်တိုက်တွန်း

ထို့ကြောင့် မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုမဖြစ်ပွားရလေအောင် လူတိုင်း လူတိုင်းတွင် တာဝန်ရှိသည့်အတွက် **မီးဘေးရှောင် မလောင်ခင်တားကြပါစို့** ဟူ၍ နှိုးဆော် တိုက်တွန်းလိုက်ရပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ယင်းမာပင်မြို့၌ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းသင်တန်းဆင်း

ယင်းမာပင် ဧပြီ ၁၈

ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၆)သင်တန်းဆင်းပွဲကို မတ် ၂၅ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသူများအား လည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းကျောင်းအုပ်ဆရာမကြီးဒေါ်မြမြအေးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ထူးချွန်ဆုရရှိသည့် သင်တန်းသူနှစ်ဦးအား အပ်ချုပ်စက် တစ်လုံးစီ ထောက်ပံ့ချီးမြှင့်ပေးခဲ့သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဂျုံစိုက်ပျိုးမှုနည်းပညာ သရုပ်ပြရှင်းလင်း

မိုးကောင်း ဧပြီ ၁၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ တောင်သူများအား မိုးစပါးအပြီး သီးထပ်ဂျုံစိုက်ပျိုးနည်း ပညာပေးခြင်းနှင့်စပ်လျဉ်း၍ သရုပ်ပြရှင်းလင်းပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီက တောင်နီကျေးရွာ အလက ကျောင်းခန်းမ၌ ကျင်းပသည်။

မေးမြန်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ထွေးသန်းက သီးထပ်ဂျုံစိုက်ပျိုးနည်းပညာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်စိုက်/ကြပ်အဖွဲ့နှင့် တောင်သူများသည် တောင်နီကျေးရွာ ကွင်းအမှတ် ၁၃၉ ဦးပိုင်အမှတ် ၁၁/၆ တောင်သူ ဦးဘမြင့်၏ အောင်မြင်ဖြစ်ထွန်းနေသည့် သီးထပ်ဂျုံ စံပြစိုက်ခင်း နှစ်ဧကကို သွားရောက်ကြည့်ရှုကြသည်။**(အောက်ပုံ)**

ရိတ်သိမ်းမည်

မိုးကောင်းမြို့တွင် တောင်သူ ငါးဦးက သီးထပ်ဂျုံစုစုပေါင်း ၁၀ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် ဧပြီလနောက်ဆုံးပတ်တွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ ဆက်)

မတ်လအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု (၁၃၈)ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန် ဧပြီ ၁၈

မတ်လအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု(၁၃၈)ကြိမ်ဖြစ်ပွားခဲ့ရာတွင် မီးဖိုမီး၊ ပေါ့ဆမီး(၁၀၇)ကြိမ်၊ အလိုအလျောက် ကိုးကြိမ်၊ လျှပ်စစ်မီး ငါးကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်နှင့် တောမီး ရှစ်ကြိမ်ပါဝင်သည်။

အိမ်ခြေအဆောက်အအုံ (၇၆၇) လုံးနှင့် ဂိုဒေါင်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၃၆၄၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူ ခုနစ်ဦးသေ၊ ငါးဦး ဒဏ်ရာရရှိခဲ့သည်။

ပါဝင်

မီးလောင်မှု (၁၃၈)ကြိမ်တွင် ပေါ့ဆမီး(၁၀၇)ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ (၇၇ ဒသမ ၅၄) ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။

မီးလောင်မှုအကြိမ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆန်းစစ်ကြည့်ရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အကြိမ်အများဆုံး၊ မကွေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရပြီး မီးလောင်ဆုံးရှုံးမှု တန်ဖိုးများကို ဆန်းစစ်ကြည့်ရာ ရခိုင်ပြည်နယ်၌ ဆုံးရှုံးမှုအများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မကွေးတိုင်းဒေသကြီး၌ တတိယအများဆုံးဖြစ်သည်။

မီးလောင်မှု အကြိမ်အများဆုံးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သော မီးလောင်မှု(၃၆)ကြိမ်အနက် (၃၁)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

ဖြစ်ပွား

မီးလောင်မှု (၁၃၈)ကြိမ် ဖြစ်ပွားခဲ့သည့်အနက် ကျေးရွာမီးလောင်မှု (၅၇)ကြိမ် ဖြစ်ပွားခဲ့ရာ မီးလောင်မှုအကြိမ် စုစုပေါင်း၏ (၄၁ ဒသမ ၃) ရာခိုင်နှုန်းခန့် ပါဝင်ခဲ့သည်။

ဆောင်ရွက်လျက်ရှိ

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူအများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဈေးများ၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံအမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေသေးကြောင်း၊ ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါပွင့်လင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးသတိပေးချက်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၃ ရက်က ဈေးသူ ဈေးသားများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၀င်များ၊ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်သူကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာ၀ တည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁၈

ကချင်ပြည်နယ် သက်ကြီးပူဇော်ပွဲနှင့် ဗီဇိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီဆိုင်းလုံ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများသည် နံနက်ပိုင်းတွင်လည်း ကချင်ပြည်နယ်ရုံး၌ ကျင်းပသည့် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်ကို နာယူပြီး ဆရာတော် သံဃာတော်များအား

မြန်မာနှစ်ဆန်းတစ်ရက်က ဧရာဝတီတိုင်းဒေသကြီး သာသနာ့ဗိမာန်တော်ကြီး၌ သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ဗီဇိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်က မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်မြစ်ဆိပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက အသက် ၇၅ နှစ်နှင့်အထက် ဘိုး၊ ဘွား ၇၈ ဦးတို့အား သြကာသ ကန်တော့ချီးဖြင့် ကန်တော့ကြရာ အဘိုးဦးတင်ဖေက ဆုပေးစကား ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ငွေသားနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

ဗီဇိတဒါနငါးလွှတ်

ဆက်လက်၍ ဗီဇိတဒါန ငါးလွှတ်ပွဲကို သာသနာ့ဗိမာန် မြစ်ဆိပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်းကို ဗီဇိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ပြည်နယ်ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် စေတနာသွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲတွင်သံဃာတော်များ၊ တပ်မတော်သားများ၊ ပြည်သူများ အပါအဝင် သွေးလှူရှင် ၁၅၀ တို့၏ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး ဆေးဝါးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ် လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် နှင့် ဇနီးတို့က ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှု ကော်မတီသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ စုဒ္ဒသမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်း တစ်ရက် ဧပြီ ၁၇ရက် မွန်းလွဲ ၂ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ဘိုးဘွားများအားကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းကြသည်။

ထို့နောက် အပူဇော်ခံ အဘိုး၊ အဘွားများ၏ကိုယ်စား အဘိုး ဦးမောင်ရှိန်က ဆုတောင်း မေတ္တာပို့သသည်။

တောင်ကြီး မြို့ပေါ်ရပ်ကွက် (၂၂) ရပ်ကွက်မှ အသက် ၈၅နှစ်အထက် ဘိုး၊ ဘွား ၂၆၀ အနက် အခမ်းအနားသို့ ဘိုး၊ ဘွား ၆၃ ဦး တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ဗီဇိတဒါန ငါးလွှတ်ပွဲကို ညနေပိုင်းတွင် မြကန်သာပန်းခြံ ရေကန်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူလူထုများ တပျော်တပါးစုပေါင်းငါးလွှတ်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်နှင့် ဇနီးတို့ ငါးနှင့် ပုစွန်သားပေါက်များအား ထားဝယ်မြစ်အတွင်း ဗီဇိတဒါန ငါးလွှတ်ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)



မကွေးတိုင်းဒေသကြီး ဗီဇိတဒါန ငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက် ၆ နာရီခွဲတွင် မကွေးမြို့ ဧရာဝတီမြစ်ကမ်းဘေး ညောင်ကိုးပင်ဆိပ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဧရာဝတီမြစ် အတွင်းသို့ ငါးများကို ဗီဇိတဒါနအဖြစ် လွှတ်ပေးပြီး တက်ရောက် လာကြသူများက ငါးခုံးမကြီး ကောင်ရေ ၂၀၀၀၀ နှင့် ငါးကြင်းရွှေဝါ ကောင်ရေ ၁၅၀၀၀ တို့ကို ဘေးမဲ့လွှတ်ကြသည်။

မကွေးတိုင်းဒေသကြီး ဗီဇိတဒါန ငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်က မကွေးမြို့ ဧရာဝတီမြစ်ကမ်းဘေး ညောင်ကိုးပင်ဆိပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် သက်ကြီးဘိုးဘွား ပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် မကွေးမြို့ ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များက ဖန်ခါးမြေဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ များကိုယ်စား အဘိုးတစ်ဦးက ဆုပေးစကား ပြောကြားသည်။

တနင်္သာရီတိုင်း ဒေသကြီး ဗီဇိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီးဘိုးဘွားများ ပူဇော်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ခြင်း အခမ်းအနားများကို မြန်မာနှစ်ဆန်း တစ်ရက် ဧပြီ ၁၇ ရက်တွင် ထားဝယ်မြို့၌ ကျင်းပသည်။

ဦးဆောင်၍ တက်ရောက် လာကြသူများက ထားဝယ်မြစ်အတွင်းသို့ ငါးနှင့်ပုစွန် သားပေါက်များအား ဗီဇိတဒါန ငါးလွှတ်ကုသိုလ်ပြုကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို နံနက် ၉ နာရီတွင် ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က သက်ကြီး

ရှေးဦးစွာ ဗီဇိတဒါန ငါးလွှတ်ပွဲကို နံနက် ၈ နာရီတွင် ထားဝယ်ဆိပ်ကမ်း အာဏာပိုင်တံတား၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်နှင့် ဇနီးတို့နှင့် မြို့ပေါ် ၁၄ရပ်ကွက်မှ အသက် ၈၀ နှင့်အထက် အဘိုး ၂၆ ဦး၊ အဘွား ၄၂ ဦးတို့အား ငွေကျပ် ၁၆၈၅၂၀၀ တန်ဖိုးရှိ ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး သက်ကြီးအဘိုး အဘွား

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀ ၉။ **နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ အကပြိုင်ပွဲ
၄း၂၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၄း၃၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၀၀ ၇။ ချစ်သောမြေ၊ ချစ်သောရေ
၅း၁၀ ၈။ **ရင်မှာစွဲထင်တေးအလှသံစဉ်**
၅း၂၅ ၉။ **ကြယ်စင်ဥယျာဉ်**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၁၀ ၁၄။ **ချစ်သူတို့ရဲ့ပန်းခင်းလမ်း**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရယ်စရာဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၁)
၂၀။ အစီအစဉ်ပြီး၏။

ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကန်တော့ခံ အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုးဦးကြည်လင်းက ဆုတောင်းမေတ္တာပို့သပြီး ဝမ်းမြောက်စကားပြောကြားသည်။ ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်သည်တော်များက အဘိုး ၃၈ ဦး၊ အဘွား ၇၅ ဦး စုစုပေါင်း ၁၁၃ ဦးတို့အား နှစ်သစ်ကူး အထိမ်းအမှတ် ကန်တော့လက်ဆောင်ပစ္စည်းများ လှူဒါန်းကြသည်။

ယင်းနောက် နှစ်သစ်အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ညနေ ၄ နာရီတွင် ထားဝယ်မြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးနှင့် ပရိသတ်များက ငါးပါးသီလခံယူ၍ ပရိတ်တရားတော်များ နာကြားကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဇရာဝတီတိုင်းဒေသကြီး ဇီဝိတဒါန (အဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲ အခမ်းအနားကို နှစ်သစ်မင်္ဂလာအခါတော်နေ့ဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၇ နာရီ တွင် အမှတ်(၄) ရပ်ကွက် ပန်းခြံဆိပ် (မြို့တော်ခန်းမရှေ့) ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ငါးကောင်ရေ ၅၀၀၀၀ ကျော်အား ငဝန်မြစ်အတွင်းသို့ ဘေးမဲ့လွှတ်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နှစ်သစ်မင်္ဂလာအခါတော်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို ညနေ ၃ နာရီခွဲတွင် သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဥဿျှစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစာရိန္ဒထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် ၁၁ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

သက်ကြီးပူဇော်ပွဲကို ညနေ ၄ နာရီခွဲတွင်ကျင်းပရာ မြို့ပေါ်ရပ်ကွက်များမှ သက်ကြီးရွယ်အိုအဘိုး အဘွား စုစုပေါင်း ၁၁၈ ဦး တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ၊ စေတနာ့ဝန်ထမ်း အဖွဲ့များက အလှူငွေနှင့် ဂါရဝ ပစ္စည်းများ ပေးအပ်လှူဒါန်းကာ လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်စိုး ကမာနတ် ပင်မဓာတ်အားခွဲရုံစစ်ဆေး ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး ဆက်စပ်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်အသုံးပြုကြရန် မှာကြား

နေပြည်တော် ဧပြီ ၁၈

ဓာတ်အားခွဲရုံများ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး Switch Gear၊ Battery Charger နှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျကိုင်တွယ်အသုံးပြုရန်လိုအပ်ကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၁၄ ရက် ညနေပိုင်းတွင် ပဲခူးမြို့နယ်ရှိ 230 KV ကမာနတ် ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားသည်။ (အပေါ်ပုံ)

လှည့်လည်ကြည့်ရှု

ဝန်ကြီးအား ပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာန အင်ဂျင်နီယာချုပ် ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက ပင်မဓာတ်အားခွဲရုံ၌ ထရန်စဖော်မာများ တပ်ဆင်ထားမှု၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမှု၊ ပဲခူးတိုင်းဒေသကြီးတွင် Unit Losses ကျဆင်းရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေနှင့် ဓာတ်အားခွဲရုံ တိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ယခင်ကထက် ဓာတ်အားများ ပိုမိုရရှိလာပြီဖြစ်သဖြင့် တိုးချဲ့တပ်ဆင်ရမည့် Transformer နှင့် အခြားပစ္စည်းများ အမြန်တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားခွဲရုံရှိ Control Room နှင့် Switch Yard အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေးတံတား တည်ဆောက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် ဟင်္သာတ-ဇလွန်-ဓနုဖြူ-စက္ကော့လမ်း၊ တာကွေ့-ကဇန်းလမ်း၊ မအူပင်-ကျိုက်လတ်-ဖျာပုံ လမ်းတစ်လျှောက်နှင့် မအူပင်တံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံး၌ တာဝန်ခံ အင်ဂျင်နီယာများနှင့်တွေ့ဆုံ၍ ဧရာဝတီ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် လမ်းအမှတ် (၁) (၂) (၅) (၆) (၇) (၈) လမ်း၊ တံတားလုပ်ငန်းတိုးတက်မှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၄ ရက်တွင် ဖျာပုံ-ဘိုကလေးလမ်းရှိ ဘိုကလေးမြစ်ကူးတံတားစီမံကိန်းသို့ ရောက်ရှိပြီး တံတားစီမံကိန်း အင်ဂျင်နီယာနှင့် လမ်းကွန်ရက်စီမံကိန်း လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း - ကဒုံကနိလမ်းလုပ်ငန်း စီမံကိန်း အင်ဂျင်နီယာတို့က သက်ဆိုင်ရာ လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နတ်ချောင်း တံတား ပြီးစီးမှု၊ ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်းလမ်း၊ ကွမ်းခြံကုန်း-တွံတေး - ဒလလမ်းနှင့် ဖျာပုံ တံတား၊ ဒေးဒရဲတံတားနှင့် တွံတေးတံတားများ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါ ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) **အစားအစာနှင့် ပတ်သက်၍**

၁။ ယင်နားစာနှင့် အမှည့်လွန်သော အသီးများကိုမစားပါနှင့်။

၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။

၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။

၄။ အသား၊ ငါးနှင့် အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာအသုံးပြုပါ။

၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။

၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားပါ။

(ခ) **ရေနှင့်ပတ်သက်၍**

၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။

၂။ သန့်ရှင်းသောရေဖြင့်သာ အသား ငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ။ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသော ရေဖြင့် ဆေးကြောပါ။

၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အားပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွား တိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ် ပြုလုပ်ပါ။

(ဂ) **လက်သန့်ရှင်းရေးနှင့်ပတ်သက်၍**

၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များမကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။

၃။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးပါ။

(ဃ) **အိုး၊ ခွက်၊ ပန်းကန်များနှင့်ပတ်သက်၍**

၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင်ထားပါ။

၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများအပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များ ဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) **အိမ်သာနှင့်ပတ်သက်၍**

၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး၊ တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။

၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။

၃။ အိမ်သာအထွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။

၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာ နိမ့်သည့်အရပ်တွင်ဆောက်လုပ်ပါ။

(စ) **ဝမ်းပျက်ဝမ်းလျှောရောဂါတစ်ခုခုဖြစ်လျှင်**

၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။

၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။

၃။ လူနာ၏ အညစ်အကြေးပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။

၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဧပြီ ၇ ရက်က လှိုင်မြို့နယ် လှိုင်ဈေးကြီး ဈေးသူ ဈေးသားများနှင့် လှိုင်မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းစီစဉ်သော ယဉ်ကျေးလိမ္မာစာမေးပွဲ၌ ဆုရကျောင်းသား ကျောင်းသူများ၊ မြို့နယ်စာပေထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တတိယအကြိမ်မြောက် ဆုပေးပွဲအခမ်းအနားကို I.B.C ခန်းမ၌ ကျင်းပရာ ဆုရရှိသော ကျောင်းသူ တစ်ဦးအား ဦးမောင်မောင်(ရွှေစံအိမ်) ရွှေဆိုင်မိသားစုက ဆုများချီးမြှင့်စဉ်။ (၅၄၃)

မျိုးသိန်း အီလက်ထရွန်နစ်၏ အရောင်းကိုယ်စားလှယ်များနှင့် မိသားစုများ တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ အလည်အပတ်ခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

မျိုးသိန်းအီလက်ထရွန်နစ်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် ၈၃ လမ်းထောင့် အမှတ်(၁၇၇)၌ ဖွင့်လှစ်၍ TV, DVD ရုပ်သံပစ္စည်းအမျိုးမျိုး၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ပန်ကာ စသည့် အိမ်သုံး လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုးကို ဝယ်ယူသူများ စိတ်ကျေနပ်မှုရရှိအောင် ရောင်းချခဲ့ရာ နှစ်(၂၀) ပြည့်ခဲ့ပြီဖြစ်သည်။

မျိုးသိန်းအီလက်ထရွန်နစ် နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့နှင့် ဒေသအသီးသီးမှ အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် အရောင်းကိုယ်စားလှယ်များနှင့် မိသားစုများ စုစုပေါင်း ၈၇ ဦးသည် မျိုးသိန်းအီလက်ထရွန်နစ်ပိုင်ရှင် ဦးမျိုးသိန်း-ဒေါ်တင်တင်ဆွေနှင့် မိသားစုများနှင့်အတူ ဧပြီ ၁၃ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်း၊ ဆူကျိုး၊ ဟန်ကျိုး၊ ဂွကျိုန်းမြို့များနှင့် ထိုင်းနိုင်ငံတို့သို့ ၇ ညအိပ် ၈ ရက် အလည်အပတ်ခရီး ထွက်ခွာသွားကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

တီဘီရောဂါလား၊ တီဘီဆေး သောက်ရမှာလား

IT နည်းပညာထွန်းကားတဲ့ ယနေ့ခေတ်မှာ ရောဂါဘယတွေကလည်း IT နည်းပညာလို တစ်မုဟုတ်ချင်း ပြန့်ပွားလွယ်လာသလို ကုထုံးတွေကလည်း အမျိုးမျိုးဆန်းသစ်လို့ လာပါတယ်။ တိုးတက်လာတဲ့ IT နည်းပညာပေါ် အခြေခံပြီး ပြည်သူတွေအနေနဲ့ကလည်း ယခင်ကနဲ့မတူ ကျန်းမာရေးဗဟုသုတတွေ ရှာမှီးလို့ ကျန်းမာရေးအသိ ကြွယ်ဝနေကြပါပြီ။ ရောဂါတစ်ခုဖြစ်လာပြီဆိုရင် **'အနာသိရင် ဆေးရှိတယ်'** ဆိုတဲ့ စကားအတိုင်း ကုသရမယ့်နည်း ကုထုံးတွေကလည်း အဆင်သင့်ရှိပါတယ်။ ကုထုံးက အဆင်သင့်ရှိနေပေမယ့် ရောဂါအမျိုးအစားနဲ့ ရောဂါအဆင့်ပေါ် မူတည်ပြီး ဘယ်လိုအခြေအနေမှာ ကုသင့်လဲ၊ ဘယ်လိုဆေးတွေကို သောက်ရမလဲ။ ဘယ်လိုဘေးထွက်ဆိုးကျိုးတွေကို ခံစားရနိုင်လဲ စတာတွေကိုပါ သိရှိထားနိုင်ဖို့ လိုပါတယ်။ ဒါဆိုရင် ကျန်းမာရေး အသိပညာတွေကို ရှာဖွေလေ့လာရမှာပေါ့။ ဒီလိုလေ့လာရှာဖွေတဲ့ အချက်အလက်တွေကလည်း တိကျမှန်ကန်ပါမှ ပြည်သူတွေအတွက် အကျိုးများမှာပါ။ မှားယွင်းတဲ့အချက်အလက်တွေကိုသာ ရရှိသွားရင် မလိုလားအပ်တဲ့ အခြေအနေတွေကို ရင်ဆိုင်ရပြီး အပ်နဲ့ထွင်းရမယ့်နေရာကို ပုဆိန်နဲ့ ပေါက်ရသလို ဖြစ်တော့မှာပေါ့။ ဒါကြောင့် တီဘီရောဂါနဲ့ပတ်သက်ပြီး ပြည်သူတွေ သိသင့်တဲ့ ဆေးသောက်ရမယ့်အခြေအနေ၊ သောက်သုံးသင့်တဲ့ ဆေးအမျိုးအစားနဲ့ ဆေးကုသမှုခံယူနေစဉ် ကြုံတွေ့ခံစားနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို ကျွန်တော် ဒီဆောင်းပါးလေးနဲ့ တင်ပြပါရစေ။

တစ်နေ့က ကျွန်တော့်ဆီကို အသက် ၃၀ ဝန်းကျင် ပညာတတ်အမျိုးသမီးလူနာတစ်ယောက် လာတွေ့ပါတယ်။ သူက ကျွန်တော့်ဆီ ဆေးကုဖို့ လာတယ်ဆိုတာထက် ဆေးကုသမှုခံယူရင် ကောင်းမလား၊ မကောင်းဘူးလားဆိုတဲ့ သဘောနဲ့ တိုင်ပင်ဖို့လာတာ ဖြစ်ပါတယ်။ သူမရဲ့ ပြဿနာလေးက ဒီလိုပါ။ သူမက လည်ပင်းယားယားပြီး ချောင်းဆိုးတာ နှစ်ပတ်လောက်ရှိပြီး သလိပ်တော့ နည်းနည်းထွက်တယ်။ ကျန်တာတွေကတော့ ဘာမှမဖြစ်ပေမယ့် နှစ်ပတ်လောက်ကြာလာတော့ သံသယစိတ်ဝင်လာတယ်။ ပတ်ဝန်းကျင်က ပြောတာကြားဖူးထားသလို သတင်းမီဒီယာတွေကနေ အသိပညာပေးလှုံ့ဆော်တာတွေကိုလည်း လေ့လာဖူးတဲ့အတွက် တီဘီတိုက်ဖျက်ရေးဌာန (National TB Program) ရှိတဲ့ မြို့နယ်ဒေသန္တရဆေးခန်းကိုသွားပြီး သလိပ်သုံးခွက်ကို စစ်ဆေးလိုက်ပါတယ်။ ပထမနေ့မှာ သလိပ်တီဘီပိုးမတွေ့ရပါဘူး။ ဒုတိယနေ့မှာတော့ Scanty ဆိုပြီး ထွက်တယ်။ တတိယနေ့ရောက်တော့ အဖြေက ဝမ်းပလပ်စ် (1+) ဆိုပြီးထွက်တယ်။ တီဘီပိုးရှိတယ်ပေါ့။ သူက အဲဒီသလိပ်တွေကို သွားပို့နေတဲ့ အချိန်အတွင်းမှာပဲ ဘီပိုးကာကွယ်ဆေးထိုးဖို့ Private Clinic တစ်ခုကို သွားခဲ့ပါတယ်။ ကာကွယ်ဆေးလည်းထိုးရင်း တီဘီနဲ့ပတ်သက်ပြီးတော့ စစ်ဆေးလို့ရတဲ့ စစ်ဆေးမှုလေးတွေ လုပ်ချင်တယ်ဆိုပြီးတော့ အဲဒီဆေးခန်းမှာ ထပ်စစ်ပါတယ်။ အဲဒီလို စစ်ဆေးတဲ့အထဲမှာ သလိပ်စစ်တာအပြင် သွေးဖောက်ပြီး စစ်တာလည်း ပါပါတယ်။ ဒီလိုနဲ့ အဖြေရလာတဲ့အချိန်မှာ Private Clinic က ထွက်လာတဲ့ သလိပ်သုံးခွက်လုံးရဲ့အဖြေက တီဘီပိုး လုံးဝမတွေ့ဘူးတဲ့။ နောက် သွေးကို စစ်ထားတဲ့အဖြေမှာလည်း တီဘီမရှိဘူးလို့ အဖြေထွက်ပါတယ်။

အဲဒီတော့ မိန်းကလေးက သူအရင်စစ်ဆေးထားတဲ့ ဒေသန္တရဆေးခန်းကိုသွားပြီး စစ်ဆေးချက်ကို ဘာဆက်လုပ်ရမလဲ မေးတဲ့အခါမှာ ဒေသန္တရဆေးခန်းက ဆရာဝန်က ဒေသန္တရဆေးခန်းရဲ့ သလိပ်အဖြေမှာ တီဘီပိုးတွေ့တယ်၊ တီဘီရောဂါရှိတဲ့အတွက် တီဘီဆေးသောက်ရမယ်လို့ ဆိုတယ်။ ဒီအချိန်မှာ သူမက အဲဒီဆရာဝန်ကို Private Clinic ကရတဲ့ ရလဒ်အဖြေ တွေကိုပြတယ်။ အဲဒီအခါမှာ အဖြေနှစ်ခုကမတူဘူး ဖြစ်နေတာပေါ့။ အဲဒီတော့ ဆရာဝန်က Private Clinic ကအဖြေကို ဖယ်လိုက်ပြီး ဒေသန္တရဆေးခန်းကအဖြေကို အတည်ယူပါ၊ တီဘီဆေးသောက်ပါ ဆိုပြီးတော့ တီဘီဆေးကို ညွှန်ပါတယ်။ ဒေသန္တရဆေးခန်းကပဲ တီဘီဆေးကို စတင်ထုတ်ပေးလို့ ကလေးမအနေနဲ့က တီဘီဆေးတွေရခဲ့တယ်။ ဒါပေမယ့် တီဘီဆေးတွေမှာ ဘေးထွက်ဆိုးကျိုးတွေ ရှိနေတာကို သိတဲ့အတွက် သောက်ဖို့၊ မသောက်ဖို့ ဝန်လေးနေတာပေါ့။

အဲဒါနဲ့ တတိယလူဖြစ်တဲ့ ကျွန်တော့်ဆီကို ရောက်ရှိလာပါတယ်။ သူက ကျွန်တော့်ဆီ မလာခင်မှာ တစ်ဆင့်ထပ်ပြီးတော့ သူ့သဘောနဲ့သူ ရင်ဘတ်ဓာတ်မှန် (Chest X'Ray) ရိုက်ခဲ့ ပါသေးတယ်။ ရိုက်လိုက်တဲ့ဓာတ်မှန် အဖြေကတော့ Rightbasal infection လို့ ရေးထားပါတယ်။ ဓာတ်မှန်ကို ကြည့်လိုက်ရင် အဆုတ်ရဲ့ ညာဘက်အောက်နားလောက်မှာ ဖြူဖြူဖွေးဖွေးလေး ဖြစ်နေတာပေါ့။ သဘောကတော့ အဆုတ်ကို ပိုးဝင်နေတယ်လို့ပဲ ပြောတာပါ။

တီဘီရယ်လို့လည်း ရေးထားတာတော့ မရှိဘူးပေါ့။ အဲဒီတော့ ဖြစ်နေတဲ့ ပြဿနာက သူမသည် တီဘီရောဂါတကယ်ဖြစ်နေတာလား၊ တီဘီရောဂါ မဟုတ်ဘဲနဲ့ တခြားပိုးဝင်နေတာလား၊ မသေချာဘဲနဲ့ တီဘီဆေးသောက်ရမယ်ဆိုတာကို လက်ခံလိုက်ရမှာလား၊ တကယ်လို့များ မှားပြီး သောက်လိုက်မယ်ဆိုရင် သူ့ရဲ့အသည်း ပျက်စီးသွားမှာလား (နဂိုကတည်းက အသည်းထိခိုက် ပျက်စီးမှာစိုးရိမ်လို့ ကာကွယ်ဆေးတွေတောင် ထိုးတဲ့သူဖြစ်နေတော့) သူ့အတွက် ဝေခွဲမရဘဲ စဉ်းစားစရာတွေ ဖြစ်နေတာပေါ့။

သူ့အတွက် စဉ်းစားစရာများသလို ကျွန်တော့်အတွက်ကလည်း စဉ်းစားပြီးပြန်ဖြေရမယ့် အဖြေက တစ်ပုံတစ်ပင်ဖြစ်နေပါတယ်။ တကယ်ဖြေရမှာကတော့ တီဘီဆေးကို သောက်လိုက်ပါ၊ ဒါမှမဟုတ် တီဘီဆေးကို လုံးဝမသောက်ပါနဲ့ဆိုတဲ့အထဲက အဖြေတစ်ခုပဲ ဖြစ်မှာပါ။ ဒါပေမယ့် အကျိုးအကြောင်း ခိုင်လုံစွာပြောနိုင်မှ၊ ဖြေရှင်းနိုင်မှလည်း သောက်ရမယ်ဆိုရင်လည်း သောက်ရတဲ့အကြောင်း၊ မသောက်ရဘူးဆိုရင်လည်း မသောက်ရတဲ့အကြောင်းကို သေသေချာချာ နားလည်သဘောပေါက်ပြီး ဘဝင်ကျသွားမှာ ဖြစ်ပါတယ်။

ဒီတော့ ပထမဆုံး ပြဿနာဖြစ်တဲ့ အဆုတ်တီဘီရောဂါ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတဲ့ အချက်ဟာ သလိပ်အဖြေနဲ့ပတ်သက်ပြီး ကွဲလွဲမှုရှိနေတဲ့ အချက်ပေါ် မူတည်တာပါပဲ။ ဒီအချက်ကို ဖြေရမယ်ဆိုရင် သလိပ်ထဲမှာ တီဘီပိုးကို ဓာတ်ခွဲခန်းတစ်ခုက တွေ့တယ်၊ ဓာတ်ခွဲခန်းတစ်ခုက မတွေ့ဘူးဆိုတာက စစ်တဲ့ဓာတ်ခွဲခန်းတစ်ခုတည်းအပေါ်မှာပဲ မူတည်တာ မဟုတ်ဘဲနဲ့ သလိပ်ကို ထုတ်ပေးတဲ့ လူနာအပေါ်လည်း မူတည်နေတယ်ဆိုတဲ့ အချက်၊ ဘယ်အချိန်မှာ သလိပ်ကို ယူတယ်၊ သလိပ်ကို ဘယ်ထဲမှာ ထည့်ပြီးတော့ ယူသွားတယ်ဆိုတဲ့အချက်တွေ အပေါ်မှာလည်း မူတည်ပါတယ်။ လူနာက သလိပ်ကို ပေးတဲ့နေရာမှာ သလိပ်ဖြစ်ရပါမယ်၊ တံတွေးမဖြစ်ရပါဘူး။ သလိပ်ဆိုတာက လေပြွန်၊ အဆုတ်ထဲကနေပြီးတော့ ထွက်လာတဲ့အရာ ဖြစ်ပါတယ်။ တံတွေးဆိုတာကတော့ ပါးစပ်ထဲက တံတွေးဂလင်းတွေကနေ ထွက်တာ ဖြစ်ပါတယ်။ တီဘီပိုးက အဆုတ်နဲ့ လေပြွန်ထဲမှာပဲရှိတဲ့အတွက်

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

အဆုတ်နဲ့လေပြွန်ထဲက သလိပ်ကို မှန်မှန်ကန်ကန် ထုတ်ပေးတတ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အဖြေ အမှား၊ အမှန်ဟာ လူနာကစပြီး မူတည်ပါလိမ့်မယ်။ ဓာတ်ခွဲခန်းနှစ်ခုကို သလိပ်ပို့တဲ့နေရာမှာ သလိပ်သုံးခွက်ကို စစ်ဖို့ ပို့တဲ့ရက်၊ ပို့တဲ့အချိန်မတူလို့ ပို့ရတဲ့သလိပ်ကလည်း တူမှာမဟုတ်ပါဘူး။ ဒီအချက်ပေါ် မူတည်ပြီးတော့မှ တွေ့တယ်၊ မတွေ့ဘူး။ တွေ့ရင်လည်း နည်းနည်းပဲ တွေ့တယ်၊ များများတွေ့တယ် စသဖြင့် ကွဲလွဲချက်ရှိနိုင်ပါတယ်။

သလိပ်ထုတ်ပေးတဲ့ အချိန်အခါ၊ ထုတ်ပေးတဲ့ပမာဏ၊ ထုတ်ပေးတဲ့ သလိပ်လား၊ တံတွေးလား စတာတွေပေါ်မူတည်ပြီးတော့ အဖြေက ကွဲလွဲမှုရှိနိုင်ပါတယ်။ နောက်တစ်ခုကတော့ မနက်ပိုင်းစောစော အိပ်ရာထချိန်မှာ ထွက်တဲ့ သလိပ်က တီဘီပိုးကိုတွေ့နိုင်ဖို့ အခွင့်အလမ်း ပိုများတယ်။ ဒါကြောင့်မို့လို့ ထုတ်ပေးတဲ့အချိန်အခါပေါ်မှာလည်း မူတည်ဦးမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ သလိပ်ထုတ်ပြီး ထည့်ပေးတဲ့ခွက်ပါ။ ခွက်က သန့်ရှင်းရဲ့လား၊ တစ်ခါသုံးခွက်ဖြစ်ရဲ့လား၊ ဒါမှမဟုတ် ထပ်ကာထပ်ကာ သုံးနေတဲ့ခွက်များ ဖြစ်နေသလားဆိုတာကိုလည်း စဉ်းစားစရာပါပဲ။ ဒါပေမယ့် ယခုခေတ်ဆေးခန်းတွေမှာ သုံးတာကတော့ တစ်ခါသုံးခွက်တွေ ဖြစ်တဲ့အတွက် ဒီပြဿနာတော့ ရှိမယ်မထင်တဲ့အကြောင်းကိုလည်း သူ့ကို ရှင်းပြရပါတယ်။

နောက်တစ်ခုကတော့ သလိပ်ကို စစ်ဆေးတဲ့အခါမှာ စစ်ဆေးတဲ့သူ (ဓာတ်ခွဲမှူး)ရဲ့ ကျွမ်းကျင်မှုကလည်း လိုပါတယ်။ သလိပ်ကနေ တီဘီပိုးရှိ၊ မရှိစစ်တာဟာ တကယ်တော့ အခြေခံအကျဆုံးစမ်းသပ်မှု (Basic Investigation) ထဲမှာ ပါပါတယ်။ ဒါပေမယ့် ကျွမ်းကျင်မှု ဆိုတာ နေရာတိုင်းမှာ လိုပါတယ်။ သလိပ်ကို မှန်ဘီလူးနဲ့ ကြည့်ဖို့အတွက် မကြည့်ခင်မှာ ပြုပြင်ရတဲ့ Preparation တွေ ရှိပါသေးတယ်။ ဒီတစ်ခါမှာ တစ်ခုခုချို့ယွင်းခဲ့မယ်ဆိုရင် ပိုးရှိလျက်သားနဲ့ မတွေ့တာ၊ ပိုးမရှိဘဲနဲ့ တွေ့တာ စတဲ့အမှားတွေ ဖြစ်နိုင်တာပေါ့။ အမျိုးသား တီဘီတိုက်ဖျက်ရေးဌာန (National TB Program) မှာ တာဝန်ထမ်းဆောင်နေကြတဲ့ သလိပ်တီဘီပိုးစစ်ဆေးသူတွေဟာ ကျွမ်းကျင်လက်မှတ်ရပြီးသားသူတွေ၊ သေသေချာချာ လေ့ကျင့်မှုယူထားပြီးသူတွေဖြစ်လို့ သူတို့ရဲ့ အရည်အချင်းနဲ့ ကျွမ်းကျင်မှုကိုတော့ ကျွန်တော်တို့ ယုံကြည်မိပါတယ်။

နောက်တစ်ချက်ကတော့ သလိပ်ထဲမှာပါတဲ့ပိုးရဲ့ ပြဿနာပါပဲ။ သလိပ်ထဲမှာ တီဘီပိုး တွေ့ဖို့အတွက် နေရာပေါင်းများစွာကို စစ်ဆေးကြည့်ရတာဖြစ်ပြီး တွေ့တဲ့အခါမှာ အဖြေတွေ ကတော့ scanty ဆိုတာ ဖြစ်နိုင်သလို၊ ဝမ်းပလပ်စ် (1+)၊ တူးပလပ်စ် (2+)၊ သရီးပလပ်စ် (3+)၊ Abundant စသဖြင့် ဖြစ်နိုင်ပါတယ်။ ဝမ်းပလပ်စ်ရဖို့အတွက် သလိပ် ဝမ်းစီစီ (1cc) မှာ ပိုးအကောင်ရေပေါင်း ၄၀၀၀၊ တူးပလပ်စ်ရဖို့အတွက်ဆိုရင် ပိုးအကောင်ရေ ၄၀၀၀၀ စသဖြင့်ပါမှ ဖြစ်ပါတယ်။ ပိုးကောင်ရေ ရာဂဏန်းပါရုံနဲ့ တီဘီပိုးကို မတွေ့ရတတ်ပါဘူး။ ဒါကြောင့်မို့လို့ မတွေ့ဘူးဆိုတာနဲ့ မရှိဘူးဆိုတာ နှစ်ခုဟာ ကွဲပြားတယ်ဆိုတဲ့အချက်ကိုလည်း သဘောပေါက်အောင် ရှင်းပြရပါတယ်။ အဲဒီတော့ တွေ့တယ်လို့ပြောရင် သလိပ် 1cc မှာ ပိုးအကောင်ရေ ထောင်ဂဏန်းလောက်ရှိနေပြီလို့ ပြောရမယ်။ အဖြေမှာလည်း တွေ့ရင် 'seen' လို့ပဲ ရေးတာ၊ ဝမ်းပလပ်စ်၊ တူးပလပ်စ်လို့ရေးတာ၊ အကယ်၍ မတွေ့ရင် မရှိဘူး (not pre- sent) လို့ မရေးဘူး၊ မတွေ့ဘူး (Not Seen) လို့ပဲ ရေးတာပါ။ ဒါကြောင့်မို့လို့ not seen လို့ရေးထားရင် ရောဂါပိုးမရှိဘူးလို့ပြောတာ မဟုတ်ဘူး၊ မတွေ့ဘူးလို့ပဲ ပြောတာဖြစ်ပါတယ်။ ဒီအချက်ကိုလည်း လူနာကိုလည်း နားလည်အောင် ရှင်းပြရပါတယ်။ ဒါကြောင့်မို့လို့ အဖြေတစ်ခုမှာ ပိုးတွေ့လိုက်ပြီဆိုတာနဲ့ တီဘီရောဂါလို့ သတ်မှတ်ဖို့ တော်တော်လေးနက်နေတယ်ဆိုတဲ့အချက်နဲ့ နောက်တစ်ခုက ဒေသန္တရဆေးခန်းက စစ်ထားတဲ့ အဖြေမှာ နှစ်ရက်တောင် ပိုးတွေ့ထားတာဖြစ်တဲ့အတွက် ဒီအဖြေဟာ တော်တော်ခိုင်မာနေတယ်ဆိုတာပါ နားလည်အောင် ရှင်းပြရပါတယ်။

နောက်ပြဿနာတစ်ခုကတော့ ဓာတ်မှန်ရိုက်တဲ့ အချက်ပါပဲ။ ဓာတ်မှန်က ထွက်လာတဲ့ အဖြေက စောစောကပြောသလို အဆုတ်ပိုးဝင်တာ (Infection) ဆိုပြီး ပေါ်တာရှိသလို အဆုတ် တီဘီရောဂါ (TB Disease Pulmonary TB / Koch's Lung) လို့ဆိုပြီး ပေါ်တာရှိပါတယ်။ ခက်တာက အဆုတ်ဓာတ်မှန်မှာ တွေ့ရတဲ့အရိပ်ဟာ အဖြူနဲ့ အမည်းပဲဖြစ်ပါတယ်။ အဖြူနဲ့ အမည်းဖြစ်တဲ့အတွက် တိကျပြတ်သားတဲ့ အဖြေကို ပေးဖို့ဆိုတာ ရံဖန်ရံခါမှာ အလွန်ခက်ခဲတတ်ပါတယ်။ တီဘီရောဂါ (TB Disease) ရယ်လို့ တိတိကျကျပြောနိုင်လောက်တဲ့ ဓာတ်မှန်ပုံရိပ်တွေရှိပေမယ့် တစ်ခါတလေမှာ တီဘီဟုတ်ပေမယ့်လည်း တီဘီလို့ ထင်ထင်ရှားရှား သိသိသာသာ မပြောနိုင်တဲ့ အခြေအနေလေးတွေလည်း ရှိတတ်ပါတယ်။ ဒီအခါမျိုးတွေမှာတော့ ကျွန်တော်တို့ ဆရာဝန်တွေက ဓာတ်မှန်ဆရာဝန်ရဲ့ report ကို လူနာရဲ့ အခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဆုံးဖြတ်ရတာမျိုး တွေရှိပါတယ်။ ဓာတ်မှန်ဆရာဝန်ရဲ့ အဖြေကတော့ တွေ့တာကိုပဲ ရေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စောစောကပြောသလို infection ဆိုတာမျိုးနဲ့ လာတတ်ပါတယ်။ တီဘီကလည်း infection ပဲဖြစ်ပါတယ်။ တခြားပိုးမွှားတွေ ဝင်ရင်လည်း infection ပါပဲ။ infection ဆိုတာ အဆုတ်ထဲကို ပိုးဝင်သွားတယ်လို့ပဲ ယူဆတာဖြစ်ပါတယ်။ ဘာပိုးရယ်လို့ တိတိကျကျ မပြောနိုင်ပါဘူး။

အဆုတ်ဓာတ်မှန်ရဲ့ သဘောအရတော့ တီဘီက အဆုတ်ရဲ့ အပေါ်ပိုင်း၊ ထိပ်ပိုင်းနဲ့ အလယ်ပိုင်းတွေမှာ ဖြစ်တတ်ပေမယ့် ဒီကလေးမရဲ့ ဓာတ်မှန်မှာတော့ Basal Infection လို့ ရေးထားတဲ့အတွက် အဆုတ်ရဲ့ အောက်ပိုင်းမှာ ပိုးဝင်နေတာလို့ အဓိပ္ပာယ်ရပါတယ်။ ဒါဆိုရင် တီဘီဖြစ်ဖို့ အခွင့်အလမ်းကရှိပေမယ့် နည်းတာပေါ့။ တခြားပိုးတွေများဖြစ်နေမလား၊ ဒါပေမယ့် တီဘီ မဟုတ်ဘူးရယ်လို့လည်း မပြောနိုင်ပြန်ဘူး။ တီဘီကလည်း ဖြစ်တော့ဖြစ်နိုင်လို့ စဉ်းစားတဲ့အထဲမှာ ထည့်သွင်းထားပေမယ့် တီဘီရယ်လို့ တဲ့တိုးကြီး မပြောနိုင်လို့ အဆုတ်ပိုးဝင်တယ်လို့ပဲ ရေးထားတာဖြစ်ပါတယ်။ ဒီအဖြေတစ်ခုတည်းနဲ့တော့ တီဘီဆေးကို သောက်ဖို့၊ မသောက်ဖို့ဆိုတာကို ဆုံးဖြတ်ရခက်တာပေါ့။

ဒီကလေးမရဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ပထမအချက်ဖြစ်တဲ့ ချောင်းဆိုးနေတာ နှစ်ပတ်လောက်ရှိပြီ၊ သလိပ်လည်း ထွက်တယ်ဆိုတာက တီဘီအပါအဝင် တခြားသော ရောဂါပိုးတွေ အဆုတ်ထဲဝင်နေတာကို ပြပါတယ်။ ဒုတိယအချက်အနေနဲ့ သလိပ်ကို စစ်ဆေးတဲ့အခါမှာ တစ်နေရာမှာတွေ့တယ်၊ တစ်နေရာမှာ မတွေ့ဘူး။ သို့သော် သူစစ်ဆေးတဲ့နေရာဟာ အမျိုးသား တီဘီတိုက်ဖျက်ရေး (National TB Program) ရှိတဲ့နေရာမှာ စစ်ထားတာဖြစ်တဲ့အတွက် ဒီစစ်ဆေးချက်ဟာ အတော်ခိုင်လုံပါတယ်။ ဒါကြောင့်မို့လို့ တီဘီဆေးသောက်သင့်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ ဓာတ်မှန်ရဲ့ အဖြေပါပဲ။ ဓာတ်မှန်မှာ အဆုတ်ထဲကို ပိုးဝင်နေတယ် ဆိုတဲ့အချက်ကို တွေ့ထားပါတယ်။ တီဘီဖြစ်နေကျနေရာ မဟုတ်သော်လည်းပဲ ပိုးဝင်ထားတာ တွေ့နေရတယ်။ ချောင်းဆိုးတယ်၊ သလိပ်ထဲမှာလည်း တီဘီပိုးတွေ့ထားတယ်ဆိုရင်တော့ ဒီသုံးချက်ဟာ တီဘီရောဂါဖြစ်ကြောင်း အတော်ခိုင်လုံစေပါတယ်။ ဒါကြောင့်မို့လို့ ဒီကလေးမကို တီဘီဆေးသောက်ဖို့ တိုက်တွန်းသင့်ပါတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာ သူက သွေးပါ ထပ်စစ်ထားပါသေးတယ်။ သွေးစစ်ထားတဲ့ အဖြေကတော့ ICT TB လို့ခေါ်တဲ့ ပဋိပစ္စည်းကို စစ်တာဖြစ်ပြီး negative (မရှိဘူး) လို့ ထွက်နေပြန်တယ်။ အဲဒီတော့ တီဘီရောဂါမဟုတ်ဘူး ဆိုတဲ့ဘက်ကို ရောက်သွားပြန်ပါတယ်။ ဒါပေမယ့် ဒီ test တွေဟာ ရာနှုန်းပြည့်မှန်တာ မဟုတ်ပါဘူး။ အထူးသဖြင့် ICT TB ဟာ အတွေ့အကြုံအရ ပြောရရင် မသေချာတဲ့စမ်းသပ်မှုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ test ကို ရောဂါခိုင်မာစေဖို့ ပံ့ပိုးမှုအနေနဲ့သာ ယူရမှာဖြစ်ပြီး လုံးဝကြီး အားကိုးလို့မရဘူးဆိုတဲ့ အချက်ကို စိတ်ထဲမှာ မှတ်ထားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကလေးမဟာ 'ICT TB negative' ဖြစ်တာနဲ့ တီဘီဆေးမသောက်ရတော့ဘူးရယ်လို့တော့ အဓိပ္ပာယ်မရပြန်ပါဘူး။ ဒါကြောင့်မို့လို့ တီဘီဆေးကို သောက်ဖို့ တိုက်တွန်းရပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၁၈

ပုသိမ်အသင်း (ရန်ကုန်) အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် အကြိမ် (၉၀)မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီရှိ ဧရာဝတီတိုင်းဒေသကြီး ခမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အခမ်းအနားတွင် ပုသိမ်အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော် ကန်တော့ပြီးနောက် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများအားဆုချီးမြှင့် သည်။ ထို့နောက် ၂၀၁၀ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးမှ ဥက္ကဋ္ဌ ဦးစိုးဟန် လင်း (အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ) ဦးဆောင်သော အမှုဆောင် ၄၇ဦးအား ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မှုခင်းသတင်းပဒေသာ

အိပ်အတွင်း ဝင်ရောက် ခိုးယူသူအား လက်ပူးလက်ကြပ်ဖမ်းမိ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ကန်တော်မွန် အိမ်ရာဝင်း၌ ဧပြီ ၁၇ ရက် နံနက် ၅ နာရီခန့်က ငွေကျပ် ၁၂ သိန်းကျော် ဖောက်ထွင်းခိုးယူခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်

ဖြစ်စဉ်မှာ ဧပြီ ၁၇ ရက် နံနက် ၅ နာရီခန့်တွင် သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် ကန်တော်မွန်အိမ်ရာနေ ဦးထွန်းရင် ၅၅ နှစ် (ဘ) ဦးချစ်ထွန်းဖြူသည် နေအိမ်ခြံဝင်းနှင့် ဂိုဒေါင်တံခါးများ သော့ခတ်ကာ မိသားစု နှင့်အတူ ရွှေတိဂုံဘုရားဖူးထွက်ခဲ့ပြီး ယင်းနေ့ နံနက် ၁၁ နာရီခန့်တွင် မိသားစုနှင့်အတူ နေအိမ်သို့ပြန်ရောက်ကာ ခြံဝင်းတံခါးကိုကြည့်ရာ အနေ အထားပျက်နေပြီး နေအိမ်နောက်ဖေးတံခါးမှာ ပတ္တာပျက်၍ ပွင့်နေသည်ကို တွေ့ရသဖြင့် နေအိမ်အတွင်း သူခိုးဝင်နေသည်ဟုထင်ကာ လမ်းပေါ်၌ လှည့် ကင်းလှည့်လာသော နယ်ထိန်းတပ်ကြပ်စိုးကြည်အား အကူအညီတောင်းလျက် လေးဒေါင့်ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ဝင်ရောက်စစ်ဆေးရာ နေအိမ် နောက်ဖေး မီးဖိုချောင်ဘေး၌ ယခင်က လက်သမားလုပ်ငန်းဖြင့် မကြာခဏ လာရောက်သူ တရားခံ ဇော်မင်း(ခ)အရှည်ကြီး ၂၈နှစ် (ဘ)ဦးသိန်းရွှေ အင်းဝလမ်းသစ် ကျောင်းရှေ့ရပ် ရွာသာကြီးကျေးရွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေသူအား နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းထားရှိသည့် ငွေစက္ကူ တစ်ထောင်တန်ရွက်သေး ငွေကျပ် (၁၂)သိန်းကျော်ပါ ခရီးဆောင်၏အိတ်အား ဖျက်ဆီးပြီး ငွေများ ခိုးယူနေသည်ကို လက်ပူးလက်ကြပ် တွေ့ရှိရသဖြင့် ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်။ ထို့နောက် ၎င်းအား တာဝန်ရှိသူများက စစ်ဆေးရာ အိမ်ရှေ့ဝင်ပေါက်နှင့် ကားဂိုဒေါင်တံခါးဝင်ပေါက်သော့များအား သော့တုဖြင့်ဖွင့်ပြီး ကားဂိုဒေါင်နှင့်ကပ်လျက်ရှိသော နေအိမ်ဝင်ပေါက် ပတ္တာ အား ကားဂိုဒေါင်တွင်ထားရှိသော သံတူရွင်းဖြင့်ဖျက်ဆီး၍ ဝင်ရောက် ခိုးယူခဲ့ ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ အဆိုပါတရားခံအား သဃ်္ဃန်းကျွန်းရဲစခန်း ၌ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ဝ၂၅)

ပုသိမ်–ရန်ကုန် လမ်းမပေါ် ၌ ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ပုသိမ် ဧပြီ ၁၈

ဧပြီ ၁၇ ရက် ညနေ ၅ နာရီအချိန်ခန့်က ရန်ကုန်မြို့ ၂၂ လမ်းနေ အောင်ကျော်သူ အသက် ၂၀(အဖ–ဦးကျော်ဦး) သည် ၈ဃ/––– မော်တော်ယာဉ်အဝါရောင်ဖြင့် ပုသိမ်မြို့ ကုန်စုံလမ်းနေ မိခင်ဖြစ်သူ ဒေါ်ခင်အေးရီ အသက် ၅၀ (အဖ–ဦးကျင်မြိုင်)နှင့် ညီအစ်ကိုမောင်နှမများကို တင်ဆောင်ပြီး ပုသိမ်မှ ရန်ကုန်မြို့သို့ ပြန်လာခဲ့ရာ ပုသိမ်– ရန်ကုန်ကားလမ်းမိုင်တိုင် ၂၀/၇ နှင့် ၂၁/၀ ကြားအရောက်၌ ကားရှေ့ညာဘက်ဘီးပေါက်ပြီး သစ်ပင်ကိုဝင်တိုက် လိုက်ရာမှ လမ်းဘေးချောက်ထဲသို့ တိမ်းမှောက်ကျသွားကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် မော်တော်ယာဉ်တစ်စီးလုံး ပျက်စီးပြီး ကားခေါင်း၌လိုက်ပါလာသော ဒေါ်ခင်အေးရီမှာ ခြေနှစ်ဖက်ကျိုး၊ မျက်နှာ၊ နဖူးတို့တွင် ပြင်းထန်စွာဒဏ်ရာများရရှိမှုကြောင့် သေဆုံးသွားသည်။ ယာဉ်မောင်းဖြစ်သူ အောင်ကျော်သူနှင့် လိုက်ပါ လာသူ မသီရိခိုင် အသက် ၂၂နှစ်(အဖ–ဦးသန်းတင်)၊ မမေသူဇင် အသက် ၂၀ (အဖ–ဦးသန်းတင်)၊ မယွန်းသီရိ အသက် ၁၃နှစ် (အဖ–ဦးအောင်ကြည်)၊ မောင်သန့်ဇင် အသက် ၁၁နှစ် (အဖ–ဦးအောင်ကြည်)၊ ကိုအောင်ကျော်သန်း အသက် ၂၅နှစ် (အဖ–ဦးကျော်ဦး) တို့သည်လည်း ဒဏ်ရာအသီးသီး ရရှိသွားကြသည်။ အဆိုပါ မော်တော်ယာဉ် တိမ်းမှောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

သရုပ်ဆောင်မှု လိုက်ဖက်အညီဆုံးမင်းသား မင်းသမီးများရွေးချယ် လီယိုနာဒိုနှင့် ကိတ်ဝင်းစလက်တို့ ထိပ်ဆုံး၌ရပ်တည်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၈

ကမ္ဘာကျော်တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကားဖြင့် နာမည်ကျော်ခဲ့သော ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် မင်းသမီး ကိတ်ဝင်းစလက်တို့သည် သရုပ် ဆောင်ရာ၌ ကမ္ဘာပေါ်တွင် အလိုက်ဖက်ဆုံးနှင့် အတွဲညီဆုံး ရုပ်ရှင်မင်းသား မင်းသမီးများဖြစ်ကြကြောင်း ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူများက ဧပြီ ၁၈ ရက်၌ ပြောကြားလိုက်သည်။

ထို့အပြင် လီယိုနာဒိုနှင့် ကိတ်ဝင်းစလက်တို့သည် ဇာတ်ဝင်ခန်းများကို သရုပ်ဆောင်ရာတွင် ရုပ်ရည်၊ အမူအရာနှင့် သရုပ်ဆောင်မှုအပိုင်းတို့တွင် ကမ္ဘာပေါ်၌ လိုက်ဖက်အညီဆုံးအတွဲအဖြစ် အောဘီစီသတင်းဌာနနှင့် ပြည်သူ့မဂ္ဂဇင်းတို့ကလည်း လေ့လာဆန်းစစ်မှု မှတ်တမ်းများ၌ ဖော်ပြထား သည်။



တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကားမှ လီယိုနာဒိုနှင့် ကိတ်ဝင်းစလက်။

ရွေးချယ်

အထူးသဖြင့် တိုက်တန်းနစ်ရုပ်ရှင်ဇာတ်ကားတွင် ၎င်းတို့နှစ်ဦး၏ သရုပ်ဆောင်မှုများမှာ ယနေ့အချိန်အထိ အခြားသရုပ်ဆောင်များထက် လိုက် ဖက်မှုအရှိဆုံးအဖြစ် ကမ္ဘာ့ပရိသတ်များက ယူဆနေဆဲပင်ဖြစ်သည်။ ထို့ အပြင် အခြားတွဲဖက်အညီဆုံး အနုပညာရှင်အတွဲများအဖြစ် Gone With The Wind ရုပ်ရှင်ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်နိုင်ခဲ့ကြသူများဖြစ် သည့် Clark Gable နှင့် Vivien Leigh တို့မှာ ဒုတိယလိုက်ဖက်အညီဆုံး အဖြစ် ရွေးချယ်ခံရသည်။

တတိယအလိုက်ဖက်ဆုံးအတွဲမှာ ၁၉၉၀ပြည့်နှစ်က ရိုက်ကူးခဲ့သည့် "Pretty Woman" ဇာတ်ကားမှ ရုပ်ရှင်မင်းသား Richard Gere နှင့် ရုပ်ရှင်မင်းသမီး Julia Roberts တို့ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးသည် ဇာတ်ဝင်ခန်းများ၌ အမူအရာပိုင်း၊ စကားပြောဆိုမှု အပိုင်းတို့တွင် အပေးအယူမျှစွာ သရုပ်ဆောင်နိုင်ကြ ကြောင်း သိရသည်။

စတုတ္ထလိုက်ဖက်မှုအရှိဆုံး သရုပ်ဆောင်အတွဲမှာ ၁၉၄၂ခုနှစ်က ရိုက်ကူးခဲ့သော "Casablanca" ဇာတ်ကားမှ ရုပ်ရှင်မင်းသား Humphrey Bogart နှင့် ရုပ်ရှင်မင်းသမီး Ingrid Bergman တို့ဖြစ်ကြသည်။

ပဉ္စမမြောက်လိုက်ဖက်အညီဆုံး သရုပ်ဆောင်အတွဲမှာ ၁၉၄၉ ခုနှစ်က ရိုက်ကူးခဲ့သည့် Adam's Rib ရုပ်ရှင်ဇာတ်ကားမှ ရုပ်ရှင်မင်းသား Spencer Tracy နှင့် ရုပ်ရှင်မင်းသမီး Katharine Hepburn တို့အတွဲ ဖြစ်ကြသည်။



တတိယလိုက်ဖက်အညီဆုံးအဖြစ် သတ်မှတ်ခံရသည့် 'Pretty Woman" ဇာတ်ကားမှ Richard Gere နှင့် Julia Roberts တို့၏ သရုပ်ဆောင်ဟန်။

မိုးမြင့်လင်းလက် စုစည်းတင်ပြသည်

စင်ကာပူ မျိုးဆက်သစ်အနုပညာရှင် ခရစ္စတီးနားတန်

စင်ကာပူ ဧပြီ ၁၈

အာရှတွင် လူကြိုက်အများဆုံး မျိုးဆက်သစ်သရုပ်ဆောင်များအနက် စင်ကာပူမှ ခရစ္စတီးနားတန်သည် ထိပ်ဆုံးမှ ရွေးချယ်ခံရကြောင်း စင်ကာပူ မီဒီယာများက ဧပြီ ၁၈ ရက်၌ဖော်ပြသည်။

အသက် ၂၂နှစ်အရွယ်ရှိ ခရစ္စတီးနားတန်သည် **(အောက်ပုံ)** မော်ဒယ် နှင့် သရုပ်ဆောင်ခြင်းများကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိပြီး စင်ကာပူတွင် လည်း ပရိသတ်များအားပေးမှုအရှိဆုံး မျိုးဆက်သစ် အနုပညာရှင်တစ်ဦးလည်း ဖြစ်သည်။

အင်တာနက်မှ ဆန္ဒပြုသော ကိန်းဂဏန်းများအပေါ် အခြေပြု ရွေးချယ် ခြင်းဖြစ်ပြီး အထူးသဖြင့် သူမ၏ဆွဲဆောင်မှုအရှိဆုံး အမူအရာနှင့် ဝတ်စား ဆင်ယင်မှုတို့ကြောင့်ဖြစ်ကြောင်း၊ နှစ်လိုဖွယ်ရှိသော မျက်နှာသွင်ပြင်ကလည်း ပရိသတ်စိတ်ဝင်စားမှုကို ပိုမိုဖြစ်ပေါ်စေခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။ ခရစ္စတီးနားတန်သည် လောလောဆယ်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန် စီစဉ်နေပြီး ၂၀၁၁ခုနှစ်ကုန်၌ တရုတ်ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် ရုပ်ရှင်ဇာတ်ကား တစ်ကား ရိုက်ကူးမည်ဖြစ်သည်။ **(အင်တာနက်)**

လာမည့်နှစ် ဂရမ်မီဆုပေးပွဲ ဆုအမျိုးအစား ၃၀ ကျော် လျှော့ချမည်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၈

လာမည့်နှစ် ဂရမ်မီဆုပေးပွဲအခမ်းအနားသည် အပြောင်းအလဲများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ၅၃နှစ်အတွင်း အမေရိကန်တေးဂီတဆု (ဂရမ် မီဆု)သမိုင်းတွင် ပြုပြင်ပြောင်းလဲမှုအများဆုံး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဂရမ်မီ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသူများက ဧပြီ ၁၇ ရက်၌ ပြောကြား ခဲ့သည်။

ဂရမ်မီဆု အမျိုးအစားအရေအတွက်ကိုလည်း များပြားလာသော ဆုအမျိုးအစားများကိုပေါင်းပြီး ဆုပေါင်း ၁၀၉ ဆုပေးနေရာမှ ၇၈ ဆုသာ ပေးလိမ့်မည်ဖြစ်ကြောင်း၊ အချို့အမျိုးအစားများကို ယှဉ်ပြိုင်မှုပြုလုပ်တော့ မှာ မဟုတ်ကြောင်း ဂရမ်မီဆုချီးမြှင့်ရေးဥက္ကဋ္ဌ နေးလ်ပေါ့တ်နီးက ပြောကြားလိုက်သည်။ လာမည့်နှစ် ဂရမ်မီဆုများတွင် ထိပ်တန်းဆုများအဖြစ် အကောင်းဆုံး အယ်လ်ဘမ်ဆု၊ အကောင်းဆုံးသီချင်းဆုနှင့် အကောင်းဆုံးဂီတ ပညာရှင်သစ်ဆုများ ပါဝင်သည်။ Pop နှင့် R&B ကဲ့သို့သော တေးဂီတဆု များတွင် အမျိုးသားနှင့် အမျိုးသမီး သီးခြားစီယှဉ်ပြိုင်ပြီး ဆုများချီးမြှင့်ပေး မည်ဖြစ်ကြောင်း သိရသည်။

ဂရမ်မီဆု ရွေးချယ်ရေးအဖွဲ့အနေဖြင့် ပိုမိုထိရောက်မှုရှိပြီး အကောင်း ဆုံး ဂီတပညာရှင်များ ထွက်ပေါ်လာရေးအတွက် လာမည့်နှစ်တွင် ဆုအမျိုး အစား ၃၀ ကျော် လျှော့ချရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြား သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား



(၂၈)ကြိမ်မြောက် ဗီယင်နာမာရသွန်ပြိုင်ပွဲ

ကင်ညာအပြေးမယ် ကီပရိုတာဗိုလ်စွဲ

ဗီယင်နာ ဧပြီ ၁၈

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပလျက်ရှိသော (၂၈) ကြိမ်မြောက် မာရသွန်အပြေးပြိုင်ပွဲ၌ ကင်ညာမှ အပြေးမယ် ကီပရိုတာ (ဝဲပုံ)က ၂ နာရီ ၈မိနစ် ၂၉ စက္ကန့် ဖြင့် ပထမရရှိခဲ့သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ကီပရိုတာသည် ဒုတိယနေရာမှ ပက်ထရစ်အီဗီတီနှင့် ၁၁ စက္ကန့်မျှသာ အကျောရအောင် ပြေးနိုင်ခဲ့သည်။ ဒုတိယရရှိခဲ့သည့် အီသီယိုးပီးယားမှ အီဗီတီသည် ၂ နာရီ ၈ မိနစ် ၄၀ စက္ကန့်ပြေးနိုင်ခဲ့ပြီး တတိယနေရာမှ အီဗန်ကီလာဂတ်က ၂ နာရီ ၉ မိနစ် ၂၂ စက္ကန့်ပြေးနိုင်ခဲ့သည်။ **(အင်တာနက်)**

လာလီဂါပွဲများဆက်လက်ယှဉ်ပြိုင်၊ လီဗန်တေးနှင့် ဒီပိုတီဗိုတို့ အနိုင်ရရှိ

မက်ဒရစ် ဧပြီ ၁၈

စပိန်လာလီဂါပွဲစဉ်များကို ဧပြီ ၁၈ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗန်တေးနှင့် ဟာကျူးလက်စ်တို့ပွဲတွင် လီဗန်တေးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲဆိုစီဒက်နှင့် စပို့တင်းဂီဂျွန်တို့ပွဲတွင် ရီးရဲဆိုစီဒက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒီပို့တီဗိုနှင့် ရေဆင်းတို့ပွဲတွင် ဒီပို့တီဗိုက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဦးဆောင်

ထို့အတူ အိုဆာဆူနာနှင့် ဘီလ်ဘာအိုတို့ပွဲတွင် ဧည့်သည်ဘီလ်ဘာအိုက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လာလီဂါပွဲစဉ် (၃၂) အပြီးတွင် ဘာစီလိုနာတို့ တန်းစီဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ဒီပို့တီဗိုအတွက် လာဆက်(ယာ)က ဤသို့ဂိုးသွင်းယူခဲ့သည်။

မောင်မောင်မြင့်ဆွေ- ရေးသားသည်

မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ရာဖေးလ်နာဒယ်လ်နှင့် အင်ဒီမာရေးတို့နိုင်ပွဲရ

ပါရီ ဧပြီ ၁၈

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသည့် မွန်တီကာလို မာစတာတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရာဖေးလ်နာဒယ်လ်က အီဗန်ဂျူဘီစစ်အား ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ရ

ရာဖေးလ်နာဒယ်လ် **(အပေါ်ပုံ)** သည် ခရိုအေးရှားတင်းနစ်သမား အီဗန်ဂျူဘီစစ်အား ပြင်းထန်တိကျသောရိုက်ချက်များဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အင်ဒီမာရေး နှင့် ဖရီဒီရီကိုဂီးလ်တို့ ပွဲစဉ်တွင်လည်း အင်ဒီမာရေးက ၆-၂၊ ၆-၁ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

ကစားနိုင်

အင်ဒီမာရေးသည် ပေါ်တူဂီတင်းနစ် ကစားသမား ဂီးလ်ကို အားပါသော တန်ပြန်ရိုက်ချက်များဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ မွန်တီကာလို မာစတာတင်းနစ်ပြိုင်ပွဲသည် ဆုကြေးငွေ ယူရို ၂ ဒသမ ၄၅ သန်းပေးသည့် ပြိုင်ပွဲလည်းဖြစ်သည်။ **(အင်တာနက်)**

မောင်ချစ်ကြည် - စုစည်းသည်

အားကစားသတင်းအတိုအထွာ

✱ ချယ်လ်ဆီးကလပ်က တိုက်စစ်မှူး မာလူဒါအား လက်ရှိ စာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းက ထွက်ခွာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ လာမည့်နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ၎င်း၏ဆန္ဒအတိုင်း ခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဧပြီ ၁၈ ရက်၌ ပြောကြားသည်။

✱ မန်ယူအသင်းသည် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ၌ မန်စီးတီးကို ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းမှာ ကစားသမားများ၏ အမှားအယွင်းကြောင့်ဖြစ်ကြောင်း အသင်းခေါင်းဆောင် ဗီဒစ်က ဧပြီ ၁၈ ရက်၌ ဝန်ခံပြောကြားသည်။

✱ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း မိုက်တိုင်စန်က မိမိသည် အသက် ၄၅ နှစ်အရွယ် ရှိနေပြီဖြစ်သော်လည်း လက်ဝှေ့ထိုးသတ်ရန် စိတ်ပြင်းပြနေဆဲဖြစ်ကြောင်း၊ ဟဲဗီးဝိတ်ချန်ပီယံ ပြန်ဖြစ်လိုသေးကြောင်း ဧပြီ ၁၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။

✱ အာဆင်နယ်အသင်းမှ လက်ထောက် နည်းပြပက်ရေ့သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။ သူသည် နည်းပြအာစင်ဝင်းဂါးနှင့်အတူ ၁၅နှစ် တိုင်တိုင် လက်တွဲကာ အာဆင်နယ်အသင်း လက်ထောက်နည်းပြ တာဝန်ယူခဲ့သူဖြစ်သည်။

✱ အာဆင်နယ်ကွင်းလယ် ကစားသမား ဖာဘရီဂတ်စ်သည် လာမည့် နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားသည်။

✱ ချယ်လ်ဆီးနည်းပြ အသစ်အတွက် ယခုနှစ်ဘောလုံးရာသီကုန်၌ ရှာဖွေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကလပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ *(အင်တာနက်)*

ထိပ်ဆုံးကစားသမားအကောင်းဆုံးဘောလုံးသမားဆု ဝေးလ် ဂါးရက်ဘ်ဘေးလ်ဆွတ်ခူးရရှိ



မြင့်မောင်စိုး စုစည်းသည်

လန်ဒန် ဧပြီ ၁၈

ကမ္ဘာ့ကြေးစားဘောလုံးအသင်းကချီးမြှင့်သည့် အကောင်းဆုံးဘောလုံးသမားဆုကို စပါးတောင်ပံတိုက်စစ်မှူး ဂါးရက်စ်ဘေးလ်က ဆွတ်ခူးရရှိလိုက်သည်။

သွင်းယူပေး

အသက် ၂၁ နှစ်အရွယ်ရှိ ဂါးရက်စ်ဘေးလ်(ဝဲစွန်)သည် ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းအတွက် ၃၆ ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုး သွင်းယူပေးခဲ့သည်။

ရရှိခဲ့ဖူး

ဘေးလ်သည် အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို ဝေလမှ ဆွတ်ခူးရရှိသည့် လေးဦးမြောက် ဘောလုံးသမားဖြစ်သည်။ ၎င်းမတိုင်မီက အီရန်ရပ်ရှ်၊ မတ်ခ်ဟူချ်နှင့် ရိုင်ယန်ဂစ်တို့ ရရှိခဲ့ဖူးသည်။

ဆွတ်ခူးနိုင်ခဲ့

ဘေးလ်သည် အဆိုပါ အကောင်းဆုံး ဘောလုံးသမားဆုကို နာဆရီ၊ စကော့ပါကာ၊ ကားလို့စ်တီဗက်ဇ်၊ ဗန်ဒါဗတ်နှင့် ဗီဒစ်တို့ကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကစားခဲ့

ဘေးလ်အား ၁၉၈၉ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် မွေးဖွားခဲ့သည်။ ဘေးလ်သည် ကြေးစားဘောလုံးလောကသို့ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဝင်ရောက်ခဲ့သည်။ ၎င်းသည် ပွဲပေါင်း ၁၁၂ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၇ ဂိုး သွင်းယူခဲ့သည်။ စပါးအသင်း၌မကစားမီ ဂါးရက်ဘေးလ်သည် ဆောက်သမ်ပတန်အသင်း၌ ကစားခဲ့သူဖြစ်သည်။

(အင်တာနက်)

နည်းပြ အန်ဆယ်လော့တီ လာမည့်နှစ် နည်းပြရန်မသေချာ

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ

လန်ဒန် ဧပြီ ၁၈

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီသည် သူ့အနေဖြင့် ရာသီကုန်၌ နည်းပြအဖြစ်မှ နုတ်ထွက်ရန်စဉ်းစားထားကြောင်း ပြောကြားလိုက်သည်။

အန်ဆယ်လော့တီသည် ချယ်လ်ဆီးအသင်းကို နှစ်နှစ်ဆက်တိုက် ဦးဆောင်ခဲ့သည်။ သို့သော် ယခုနှစ်ရာသီတွင် ဖလားတစ်လုံးမှ ဆွတ်ခူးနိုင်သည့်အနေအထားမရှိဖြစ်နေသည်။ ယခုနှစ်ရာသီကုန်လျှင် မိမိ၏ အနာဂတ်မှာမသေချာတော့ကြောင်း အန်ဆယ်လော့တီက ပြောကြားသည်။

ချယ်လ်ဆီးအသင်းအနေဖြင့်လည်း အပြောင်းအလဲတစ်ခုခုပြုလုပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ယင်းအတွက် လာမည့်နှစ် ချယ်လ်ဆီးနည်းပြတာဝန်မှာ မသေချာတော့ဟုဆိုသည်။ ချယ်လ်ဆီးက မန်ယူကို ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအန်ဆယ်လော့တီက အထက်ပါအတိုင်း ဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် ပွဲစဉ်(၃၃)ပြိုင်ပွဲအပြီး ချယ်လ်ဆီးက ဇယားထိပ်ဆုံးရောက် မန်ယူနောက်မှ ရှစ်မှတ်အကွာဖြင့်လိုက်နေသည်။ မန်ယူက ၆၉မှတ်၊ အာဆင်နယ်က ၆၃ မှတ်၊ ချယ်လ်ဆီးက ၆၁ မှတ်ရရှိထားသည်။ **(အင်တာနက်)**

တိုက်စစ်မှူးဒရော့ဘာ ချယ်လ်ဆီး၌ ဆက်ရှိနေမည်

ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ

လန်ဒန် ဧပြီ ၁၈

ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာသည် တောရက်စ်နှင့် အပြိုင်ဖြစ်နေသော်လည်း လာမည့်နှစ်တွင် ချယ်လ်ဆီး၌ ဆက်ရှိနေဦးမည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားသည်။

ဖန်တီးပေးခဲ့

အသက် ၃၃ နှစ်အရွယ်ရှိ ဒရော့ဘာသည် ယခုနှစ်တွင် ချယ်လ်ဆီးအတွက် တစ်ဂိုးသာ သွင်းနိုင်သည်။ ပြီးခဲ့သည့် ဧပြီ ၁၆ ရက်က ဝက်စ်ဘရွန်းနှင့်ကစားရာတွင် ချယ်လ်ဆီး နှစ်ဂိုးအနိုင်ရရှိရန် ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့သည်။

အသက်အရွယ်ရလာသော်လည်း ခြေစွမ်းကောင်းသည့် ဒရော့ဘာမှာ ချယ်လ်ဆီး တိုက်စစ်မှူးအဖြစ် ဆက်လက်တည်မြဲနေဦးမည်ဖြစ်ကြောင်းလည်း အန်ဆယ်လော့တီက ဆိုသည်။ **(အင်တာနက်)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအကြောင်း သိကောင်းစရာ

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

ပုသိမ် ဧပြီ ၁၈

စာရေးသူသည် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို လေ့လာရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဗလကျော်စွာ ရေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ သွားရောက်လေ့လာခဲ့ပါသည်။ ရေယာဉ်မှူးနှင့် စက်ခန်းအုပ်တို့၏ တာဝန်ဝတ္တရားကျေပွန်မှု၊ စက်များကောင်းမွန်မှုကြောင့် ပုသိမ်မြို့သို့ ကောင်းမွန်ချောမွေ့စွာရောက်ရှိခဲ့သည်။ လမ်းခရီး၌ စပါးခင်းများထဲတွင် လယ်ယာစာရင်းကောက်ယူနေသော ဧရာဝတီတိုင်းဒေသကြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့ပါသည်။ မြေစာရင်းဌာနမှူးမှာ လိုအပ်သည်များကို ပြောကြားသည့်အပြင် လက်တွေ့ဆောင်ရွက်နေမှုများကို လိုက်ပါလေ့လာခွင့်ပြုခဲ့ပါသည်။

တွေ့မြင်

နေခြည်ဖြာ၍ သာယာလှပသော ၂၀၁၁ ခုနှစ် မတ် ၉ ရက် နံနက်ခင်းဖြစ်သည်။ အေးမြသော နံနက်ခင်း၏ လေပြည်လေညင်းများတွင် ရာသီပန်းရနံ့က သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။ကောင်းကင်ပြင်တွင် မြူများက အုံ့ဆိုင်းနေကြသည်။ မြူများအကြားမှာ လှမ်းမျှော်ကြည့်လိုက်လျှင် နံနက်ခင်း၏ နေခြည်အောက်တွင် အစိမ်းရောင်လွှမ်းခြုံနေသော စပါးပင်ကြီးများ၊ အောင်မြင်ဖြစ်ထွန်းနေသော စပါးသီးနှံများကို ဝမ်းသာပီတိဖြစ်ဖွယ် တွေ့မြင်ခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး လယ်ယာသန်းခေါင်စာရင်းမေးခွန်းလွှာ မေးမြန်းစဉ်။

စစ်ဆေးဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်သည် ၂၀၁၁ ခုနှစ် မတ် ၉ ရက် နံနက်တွင် ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်နှင့် ပုသိမ်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးလှဝေတို့ လိုက်ပါလျက် ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စု သဲဂရက်ကျေးရွာနေ တောင်သူ ဦးသန်းထွန်း၏ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ခွင်အတွင်း အိမ်ထောင်စုမေးခွန်းလွှာ၊ သီးနှံစိုက်ပျိုးမှု မေးခွန်းလွှာနှင့် ကျွဲ၊ နွား တိရစ္ဆာန်နှင့် ကြက်၊ ငှက်မွေးမြူမှုအတွက် မေးခွန်းလွှာတို့အား မေးမြန်းစာရင်း ကောက်ယူနေမှုတို့ကို ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

သတင်းအချက်အလက်

လယ်ယာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆိုသည်မှာ နိုင်ငံ၏ အရေးပါသည့် လယ်ယာကဏ္ဍတွင် သတင်းအချက်အလက်များ ကောက်ယူခြင်း၊ စာရင်းပြုစုခြင်းနှင့် ထုတ်ပြန်ခြင်းကို ခေါ်ဆိုပါသည်။

စာရင်းကောက်ယူမည့် အချက်အလက်များမှာ-

ပင်မစာရင်းကောက်ယူခြင်းလုပ်ငန်း (Core Module) အတွက် အချက် (၁၆)ချက်နှင့် နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်း (Supplementary Module) အတွက် အချက် (၈၉)ချက်အား သီးခြားစာရင်းကောက်ယူခြင်းဖြစ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်သွားခြင်းဖြစ်ပါသည်။

ကောက်ယူသည့်စနစ်

ကောက်ယူသည့်စနစ်မှာ-အပြည့်အဝ စာရင်းကောက်ယူခြင်းဖြစ်ပြီး ကောက်ယူမည့် အချက်အလက်များမှာ-အိမ်ထောင်ဦးစီးအမည်၊ အသက်နှင့် ကျား/မ အခြေအနေ၊ လုပ်ကိုင်သူအမည်၊ အသက်နှင့် ကျား/မ အခြေအနေ၊ သီးနှံစိုက်ပျိုးလုပ်ကိုင်သည့်ဧရိယာနှင့် မြေအသုံးချမှု၊ အိမ်ထောင်စုအလိုက် တိရစ္ဆာန်မွေးမြူမှုအခြေအနေ၊ တိရစ္ဆာန်အမျိုးအမည်နှင့်ကောင်ရေ၊ အိမ်ထောင်စုဝင်များ၏ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုအခြေအနေ၊ လယ်ယာနှင့် မွေးမြူရေးဆိုင်ရာ လုပ်သားအင်အား၊ ငါး၊ ပုစွန်မွေးမြူသည့် လုပ်ခွင် အရေအတွက်တို့ဖြစ်သည်။ ကောက်ယူမည့် မေးခွန်းလွှာများမှာ-စိုက်ပျိုးရေးအိမ်ထောင်စုများဆိုင်ရာ မေးခွန်းလွှာ၊ မွေးမြူရေးအိမ်ထောင်စုများဆိုင်ရာ မေးခွန်းလွှာ၊ ငါး၊ ပုစွန်မွေးမြူရေး အိမ်ထောင်စုများဆိုင်ရာ မေးခွန်းလွှာ၊ အိမ်ထောင်စုဝင်များအခြေအနေ မေးခွန်းလွှာ၊ ကျေးရွာအုပ်စုဆိုင်ရာ မေးခွန်းလွှာတို့ဖြစ်လေသည်။

တည်ရှိမှုအခြေအနေ

မြေအသုံးချမှုအခြေအနေများတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်မှုစနစ်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှုအခြေအနေ၊ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ဆောင်မှုများ၊ တိရစ္ဆာန်မွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် ငါး/ပုစွန်မွေးမြူခြင်းဆိုင်ရာ အချက်အလက်များ၊ လယ်ယာလုပ်သားအခြေအနေ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ကျေးလက်ဒေသများရှိ အခြေခံအဆောက်အအုံများ တည်ရှိမှုအခြေအနေတို့ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့် ရှင်းပြစဉ်။

ကောက်ယူခြင်းဖြစ်

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ခရိုင်ပေါင်း ၆၆ ခရိုင်တွင် မြို့ပေါင်း ၂၉၁၊ မြို့နယ်ခွဲပေါင်း ၆၀၊ ရပ်ကွက်/ရပ်ကွက်ခွဲပေါင်း ၂၄၉၆၊ ကျေးရွာ အုပ်စုပေါင်း ၁၂၃၇၅၊ ကျေးရွာပေါင်း ၅၃၅၃၀ ရွာတို့တွင် လယ်ယာစာရင်း ကောက်ယူခြင်းဖြစ်သည်။

ဖွဲ့စည်းဆောင်ရွက်

၂၀၁၀ ခုနှစ်၊ မြန်မာနိုင်ငံ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်းအား FAO ၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် TCP/ MYA / 3301 (D) အရ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာသန်းခေါင်စာရင်း လုပ်ငန်းစီမံကိန်း ဦးဆောင်ကော်မတီ (Project Steering Committee) ကို ဥက္ကဋ္ဌအဖြစ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ယူဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ်အပါအဝင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထအကြိမ်

လယ်ယာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို ၁၉၅၃ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် သုံးကြိမ် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ရာ ယခုအကြိမ်မှာ စတုတ္ထအကြိမ် ကောက်ယူခြင်းပင် ဖြစ်သည်။ စတုတ္ထအကြိမ် ကောက်ယူမည့် ဧရာဝတီတိုင်းဒေသကြီး ၂၀၁၀ ခုနှစ် လယ်ယာသန်းခေါင်စာရင်းကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲပေါင်း ၃၃ မြို့နယ်၊ ကျေးရွာအုပ်စုပေါင်း၁၉၁၇အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လက်တွေ့

စာရင်း ကောက်ယူရာတွင် အဓိကပုံစံငါးခုဖြင့် စာရင်းငါးမျိုးကို ကောင်ယူခြင်းဖြစ်သည်။ (၁) အိမ်ထောင်စုချုပ်ပုံစံ၊(၂) လယ်ယာစိုက်ပျိုးရေး လုပ်ခွင်မေးခွန်းလွှာ၊ (၃) စီးပွားဖြစ် တိရစ္ဆာန်မွေးမြူရေး မေးခွန်းလွှာ၊ (၄) ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများအတွက် မေးခွန်းလွှာ၊ (၅) ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများအတွက် မေးခွန်းလွှာတို့ဖြစ်ပေသည်။ အလုပ်ခွင်တစ်ခုရှိ အိမ်ထောင်စုဝင်တစ်ဦးဦးမှ လယ်ကွင်း၊ မြစ်၊ ဆည်မြောင်း၊ ကန်၊ အင်း၊ အိုင်၊ ဒီရေရောက်ချောင်း၊ ကမ်းနီးငါးဖမ်းခြင်းများကို ပြုလုပ်ပါက ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများအတွက် လက်၊ ပိုက်၊ မှိန်း၊ ထောင်ချောက်၊ ရင်တွန်း၊ ကျားပါးစပ်ပိုက်၊ ဆွဲပိုက် စသည်တို့ကို မှန်ကန် ဇေ့စပ်သေချာစွာ စာရင်းကောက်ယူရပေသည်။

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာ သန်းခေါင်စာရင်းသည် ကမ္ဘာ့ လယ်ယာသန်းခေါင် စာရင်း၏ အစိတ်အပိုင်းဖြစ်ရာ ကောက်ယူမည့်အချက်အလက်များသည် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ အစီအစဉ်ဖြစ်သည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့လယ်ယာ သန်းခေါင်စာရင်းမှ ကောက်ယူရန် ထောက်ခံထားသည့်အချက်အလက်များပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ပြည်ထောင်စုလမ်းမကြီးဘေး မြေယာရှုခင်းအလှပြုပြင်ခြင်းကို ဧပြီ ၃ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် မတ် ၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ထီးလင်းမြို့နယ် မြို့မဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို ဧပြီ ၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ ရေပေးရေးလုပ်ငန်းကို မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငွေဆောင်မြို့ဝင် လမ်းဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဧပြီ ၈ ရက်က မြို့နယ်တာဝန်ခံ ဦးဝင်းထွဋ်လွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်စွာဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်နှစ်ပတ်လည် ဖျာပုံမြို့၌ ကျင်းပ

ဖျာပုံ ဧပြီ ၁၇

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်၏ တတိယနှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၃ ရက် ည ၇ နာရီက စာကြည့်တိုက်ရှေ့ရင်ပြင်၌ ကျင်းပရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင် (ဖိုးအောင်လေး)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ထို့နောက် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်း မြန်မာဘာသာဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူ ၁၅ ဦးနှင့်ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်၏ မြန်မာစာဂုဏ်ထူးဆုများကို တတိယအကြိမ် ပေးအပ်ချီးမြှင့်ခြင်း၊ အပတ်စဉ်၊လစဉ် စာနယ်ဇင်းအလှူရှင်များနှင့်ထာဝရငွေပဒေသာပင်အလှူရှင်များကို ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်းတို့ပြုလုပ်ပြီး စာကြည့်တိုက်တွင်အချိန်ပိုင်းလုပ်အားပေးခဲ့ကြသော စေတနာရှင်လူငယ်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဖျာပုံမြို့ ဆရာဇော်ဂျီစာကြည့်တိုက်ကို ၂၀၀၈ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ စာကြည့်တိုက်တွင် ယခုအခါ ဘာသာရပ်စုံ လုံးချင်းစာအုပ်၁၁၅၀၀၊ စာနယ်ဇင်းစုံ ၁၃၅၀၀ ကျော်စုဆောင်းထားရှိနိုင်ခဲ့ပြီး အသင်းဝင် ၂၀၀၀ ကျော်က နေ့စဉ်ပုံမှန်စာအုပ် ၂၀၀ ကို ငှားရမ်းဖတ်ရှုနေကြသည်။ စာကြည့်တိုက်ကို ပိတ်ရက်မရှိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပြီးစာအုပ်များကို အခမဲ့ငှားရမ်းပေးနေကြောင်း သိရသည်။

လှူဒါန်းနိုင်

စာကြည့်တိုက်သို့ စာအုပ်နှင့်စာနယ်ဇင်း လှူဒါန်းလိုပါက ဖျာပုံမြို့တွင် စာကြည့်တိုက်မှူး ဖုန်း-၀၄၅-၄၀၉၉၇နှင့် ရန်ကုန်မြို့တွင် ဦးဝင်းချို (ရှုဝံစာအုပ်တိုက်) အမှတ် ၂၁၂ (၃၁) လမ်းအထက် ဖုန်း-၀၁-၃၈၅၅၉၇တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

ပုသိမ် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၁၁- ၂၀၁၂ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မာရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံ/စီးပွား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နေပြည်တော်ရုံးချုပ် ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်သိန်းတို့က ဆွေးနွေးပြောကြားသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(တိုင်း ပြန်/ဆက်)**

ကချင်ပြည်နယ်၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် ဧပြီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၁၁/၂၀၁၂ခုနှစ် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်လယ်ယာကဏ္ဍ စိုက်ဧကစာရင်းအင်းကိန်းဂဏန်းများ မှန်ကန်စွာကောက်ယူရေးလုပ်ငန်းများဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြစ်ကြီးနားမြို့ မြို့နယ်မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်းက လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စာရင်းဇယားကောက်ယူရေးလုပ်ငန်းများကို မြို့နယ်မြေစာရင်းဦးစီးမှူးများနှင့်ဝန်ထမ်းများက မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ ၃၄ ခုတွင် ဧပြီ ၁၉ ရက်မှ မေ ၁၈ ရက်အထိ တစ်လကြာ စာရင်းဇယားများပြုစုကောက်ယူလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရဲကျင့်ဝတ် ရေးဖြေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ခရိုင်အဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဧပြီ ၅ ရက်ကကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ် ပြန်/ဆက်)

စက်ဆီ၊ ချောဆီ အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၈

Aung Thein Than Co.,Ltd. က တင်သွင်းဖြန့်ချိသည့် CALTEX, AP အမှတ်တံဆိပ်ပါ စက်ဆီ၊ ချောဆီ၊ Auto Parts, Auto Equipments ပစ္စည်းများကို ဇွန်လမှ ဒီဇင်ဘာလအတွင်း အထူးအရောင်းမြှင့်တင်ရေးကာလ၌ ရောင်းချနိုင်ခဲ့သူ အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုသည့် Distributor Dinner Party 2011 အခမ်းအနားကို ဧပြီ ၉ရက် ညနေက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ SEDONA HOTEL ၌ ကျင်းပသည်။

ဆုများပေးအပ်

အခမ်းအနားတွင် Aung Thein Than Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးထွန်းက အရောင်းမြှင့်တင်ရေးကာလအတွင်း ရောင်းအားအမြင့်ဆုံးရောင်းချနိုင်ခဲ့သည့် အရောင်းကိုယ်စားလှယ်ကြီး ၁၉ ဦးတို့အား ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံသို့ အပန်းဖြေနှင့်လေ့လာရေးခရီးစဉ်အတွက် ရွေးချယ်ပေးသည်။ ဆက်လက်၍ ကျန်ရှိသူ အရောင်းကိုယ်စားလှယ် ၂၃၀ တို့အား REFRIGERATOR, WASHING MACHINE, SAMSUNG 22" LCDTV, AIR COOLER တို့ပါဝင်သည့် လက်ဆောင်ဆုများကို ပေးအပ်သည်။

ဆက်သွယ်နိုင်

Aung Thein Than Co.,Ltd. က ဖြန့်ချိလျက်ရှိသည့် ပစ္စည်းများကို မှာယူလိုပါက အမှတ် ၆၄ ဗဟိုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၇၂၀၃ နှင့် ၅၂၇၀၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် ပန်တျာလမ်း အမှတ် (၄၂)ဘီ၊ (၆)လွှာနေ ဒေါ်စန်းစန်းရွှေမိသားစုက ငွေကျပ်နှစ်သိန်းနှင့် ဒေါ်အေးမိသားစုက ငွေကျပ်တစ်သိန်းကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့်အုပ်ချုပ်ရေးမှူးဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

လယ်ယာသန်းခေါင်စာရင်း သံဖြူဇရပ်မြို့၌ ကောက်ယူ

သံဖြူဇရပ် ဧပြီ ၁၇

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် မော်လမြိုင်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းဝင်း၊ သံဖြူဇရပ်မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်ထွန်းတို့ လိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းက မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကွက်ကြဲကွက်စိပ် မြေတိုင်းတာခြင်းနှင့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲ ကောက်ယူခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်မဲမြို့အဝင်ဆိုင်းဘုတ် အနီးရှိ ပန်းအလှပင်နှင့် အရိပ်ရပင်များကို အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် မတ် ၃၁ ရက်က ရေပက်ဖျန်းရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

မြို့နယ် သတင်း ထွေတလာ

အုတ်တွင်းမြို့နယ် သံဘိုကျေးရွာလမ်းပေါ်ရှိ အုတ်ခံသစ်သားတံတားပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၃၁၆)

ရန်ကုန်ဆိပ်ကမ်းတွင် တစ်နှစ်လျှင် ရေယာဉ်ကိုးထောင်ကျော်ဝင်ထွက်
ခရီးသည် ၁၂ သန်းကျော် သယ်ယူပို့ဆောင်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ၏ သဘောထားများ၊ တုံ့ပြန်မှုများကို အလေးထားရန်၊ ထို့ပြင် နေ့စဉ် လူတန်းစားအလွှာစုံနှင့် ဆက်ဆံနေရသော အဖွဲ့အစည်းဖြစ်၍ ပြည်သူလူထုအပေါ် နွေးနွေးထွေးထွေး ဆက်ဆံရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်တတ်နိုင်သမျှ အရှုံးမပေါ်စေရေးအတွက် အလေအလွင့်များ နည်းပါးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် စသည်ဖြင့် ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်း အောင်က ဧပြီ ၁၁ရက်က အလုံ သင်္ဘောကျင်း ဧရာခန်းမ၌ ဝန်ထမ်း များနှင့် တွေ့ဆုံမှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ ရောက်ရှိပြီး ရေယာဉ်ခရီးလမ်းများ ပြေးဆွဲနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သယ်ယူပို့ဆောင်

မြစ်ဝကျွန်းပေါ် ဌာနခွဲသည် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်တွင် တစ်နှစ်လျှင် ရေယာဉ်အဝင် ၄၈၅၃ စင်း၊ အထွက် ၄၈၅၁စင်းဖြင့် အဝင် ကုန်တန်ချိန် ၁၇၅၁၉၅တန်၊ အထွက် ကုန်တန်ချိန် ၁၇၈၈၅၀နှင့် အဝင် ခရီးသည် ၅၇၁၁၈၉၃ ဦး၊ အထွက် ခရီးသည် ၇၀၇၆၂၆၃ ဦးတို့အား သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပို့ဆောင်ပေး

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ကူးတို့လမ်းများဖြစ်သည့် ရန်ကုန်-ဒလ (ကူးတို့လမ်း)တွင် ခရီးသည်ဦးရေ ၁၈၂ ဒသမ ၆၁၈သိန်းကျော်နှင့် ဝါးတန်း-ဒလ (ယာဉ်ကူးတို့လမ်း)တွင် တန်ချိန် ၆ ဒသမ ၅၈သိန်းကျော် သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

ချောက်မြို့နယ်၌ အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ချောက် ဧပြီ ၁၇

ချောက်မြို့နယ် မီးဘေးတားဆီးရေး ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၉ရက်နံနက် ၈နာရီခွဲကကျင်းပရာ ချောက် မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး (မြို့နယ်ရဲတပ်ဖွဲ့မှူး) ဒုတိယရဲမှူး ကံဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး**(အပေါ်ပုံ)**မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးစိုးညွှန့်က အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ (၁)ရပ်ကွက်မှ ၃၅ ဦး၊ (၁၅)ရပ်ကွက်မှ စုစုပေါင်း သင်တန်းသား ၅၂၅ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများကို ပေးအပ်ပြီး မီးသတ်ဝတ်စုံလှူဒါန်းသော အလှူရှင်များအား တာဝန်ရှိသူများက မှတ်တမ်းတင် ဂုဏ်ပြု လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ်တွင် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

သာစည် ဧပြီ ၁၇

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဘူးရုံကျေးရွာ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက် နံနက် ၉ နာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။ အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးကျော်နိုင်က ဘူးရုံကျေးရွာ ကျောက်ချောလမ်းခင်းကျင်းပေးခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် အမှုဆောင်အရာရှိ ဦးကျော်နိုင်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ပြီး ဘူးရုံကျေးရွာ ကျောက်ချောလမ်းသစ်ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံ

ယခု ဖွင့်လှစ်သော ဘူးရုံကျေးရွာ ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ပေရှိ၍ ငွေကျပ် ၈၇သိန်းကျော်အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဝဝ၂)

မြို့နယ်သတင်း ထွေတလာ

မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြ

မြစ်ငယ် ဧပြီ ၁၇

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက မီးရထားခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူး ဦးတင်မင်းက မီးသတ်ဌာနတွင် မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲပြီး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်လျှင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးရထားအချိန်မှတ် ရုံးရှေ့ကွင်းပြင်တွင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ဝ၅၃)

လယ်ယာသန်းခေါင်စာရင်းကောက်ယူမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဧပြီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး (ကြေးတိုင်နှင့်စီမံကိန်း) ဦးမြင့်ဆွေသည် ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးသိန်းဦး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသက်နောင်တို့လိုက်ပါလျက် မတ် ၁၂ ရက်က မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် အင်းပေါင်းကျေးရွာအုပ်စု၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေး နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဝ၆၂)**

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် AF x B ရုံးခွဲ၌ မတ် ၂၃ ရက်က HIV/AIDS ကာကွယ်တားဆီးရေး အသိပညာပေးဆွေးနွေးပွဲကျင်းပရာ ကျိုက်လတ်ရုံးခွဲ ဦးခင်မောင်ဆွေ ရှင်းလင်းတင်ပြစဉ်။

(မြန်မာ့အလင်း)

ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေး

သနပ်ပင် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ဈေးပိုင်းကျေးရွာ အုပ်စု ကွင်းအမှတ် (၈၅၈-ခ) ရှိ တောင်သူ ဦးအောင်မောင်း၏ နွေစပါး ၂၃ ဧက စိုက်ကွက်အတွင်း နွေစပါးစိုက်ပျိုးသူ တောင်သူများအား ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် မျိုးသန့်ပြန့်ပွားရေးပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ပညာပေးဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်တင်တင်ထွေးက စိုက်ခင်းအတွင်း ပိုးမွှားရောဂါကျရောက်မှု အခြေအနေကို လက်တွေ့ရှင်းလင်းပြသပြီး ဆောင်ရွက်ရမည့် ကာကွယ်နှိမ်နင်းနည်းများကို ပညာပေးဆွေးနွေးသည်။ ထို့နောက် သနပ်ပင်မြို့နယ် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးရဲကိုကိုက မျိုးသန့်ပြန့်ပွားရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကြီးကြပ်ဆောင်ရွက်

လှိုင်းဘွဲ့မြို့နယ်တွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မတ် ၃၀ ရက်က မြို့မဈေးကြီးရှေ့၌ မီးဘေးသရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းစိုး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မီးဘေးရှောင် မလောင်ခင်တားကြပါ

သတင်းမှတ်စု-မောင်မောင်ချစ်ဦး (မုံရွာ)

ပွင့်လင်းရာသီသို့ ရောက်ပြီဆိုလေတိုင်း စာရေးသူတို့နိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံးအား ဒုက္ခပေးလေ့ရှိသည်ကား ကြောက်စရာ "မီး"ပင် ဖြစ်ပါသည်။

မီးသည် လူသားများအတွက် မရှိမဖြစ်လိုအပ်သည့် လွန်စွာမှပင် တန်ဖိုးမဖြတ်နိုင်သည့်အရာဖြစ်သည်။ မီးကို အလေးဂရုပြု တန်ဖိုးထားသုံးစွဲလျှင် များစွာအကျိုးရှိသော်လည်း မီးကိုပေါ့ဆစွာသုံးစွဲလျှင် လူသားတို့အပေါ် များစွာ ဆိုးကျိုးပေးတတ်သည့်အရာ ဖြစ်သည်။ ၄င်း၏ စနက်ဆိုးကြောင့်လည်း လူသားတို့ အိုးမဲ့ အိမ်မဲ့၊ ဥစ္စာပစ္စည်းမဲ့ဘဝသို့ ရောက်ခဲ့ကြရသည်။

မီးကား ချစ်စရာကောင်းသလို၊ ကြောက်စရာလည်းကောင်း၏။

ကျေးဇူးရှင်

မီးကား မသုံးတတ်လျှင် ကြီးစွာသော ရန်သူဖြစ်သလို သုံးတတ်လျှင်ကား မိတ်ဆွေစစ်၊ မိတ်ဆွေမှန် ကျေးဇူးရှင်ကြီးပင် ဖြစ်ပါသည်။

မီးနှင့်ပတ်သက်၍ မြန်မာ့ရိုးရာစကားပုံများတွင်လည်း **'မီးများ မီးနိုင်၊ ရေများရေနိုင်'**၊ **'အမှိုက်ကစ ပြာသာဒ်မီးလောင်'** ဟူ၍ရှိသလို နေ့စဉ်ထုတ်သတင်းစာများတွင်လည်း **'မီးဘေးရှောင် မလောင်ခင်တား'**၊ **'ခြင်ဆေး မီးပွား သေးငယ်ငြား ဒုက္ခများစွာပေးလိမ့်မည်'**၊ **'ခြင်ဆေးမီးပွား သတိမထားက ကြီးစွာ ဥစ္စာကုန်လိမ့်မည်'** စသည့်ဆောင်ပုဒ်များနှင့်…

အိပ်ရာဝင်ချိန် မီးသတိပြုရန်အတွက်…

၁။ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း၊ မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
၂။ မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
၃။ မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်

ဟူ၍လည်း သတိပေးနှိုးဆော်ထားပါသည်။

ထို့ပြင် အဆောက်အအုံများ၊ နေရာဌာနများနှင့် ဌာနဆိုင်ရာများတွင် **'မီးသတိပြု'** ဟူသော စာတန်းများ ရေးသားထားကြသလို ရပ်ကွက်၊ ကျေးရွာ

စာမျက်နှာ ၇ ကော်လံ ၁ ❖

မန္တလေးမြို့ ရတနာပုံဈေးတွင် မီးလောင်မှုဖြစ်ပွားစဉ်က မြင်ကွင်း။

ရုပ်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာနှင့် ခင်ပွန်းဖြစ်သူတို့ကို ဤသို့ တွေ့ရသည်။

အသက် ၉၄ နှစ်အရွယ်၌ ကလေးမွေးဖွားမည့် ရုပ်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာ

ကိုသစ္စာ - ရေးသားသည်

တစ်ချိန်က နာမည်ကျော်ကြားခဲ့သော အမေရိကန်ရုပ်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာသည် အသက် ၉၄ နှစ်အရွယ်ရှိနေပြီဖြစ်သော်လည်း အငှားကိုယ်ဝန်ဆောင်ပြီး ကလေးမွေးဖွားမည်ဖြစ်ရာ အသက်အကြီးဆုံးမိခင်တစ်ဦးဖြစ်လာတော့မည်ဟု သူမ၏ ခင်ပွန်းမင်းသား ဖရက်ဒရစ်ဗွန်အင်ဟက်က ဧပြီ ၁၇ ရက်၌ ပြောကြားသည်။

ပြောကြား

အလှူရှင် အမျိုးသားတစ်ဦး၏ မျိုးဥကိုရယူကာ အငှားကိုယ်ဝန်ဆောင်မှုလုပ်ငန်းစဉ်များအား လာမည့်သီတင်းပတ်မှ စတင်ပြီး ပြုလုပ်တော့မည်ဟု မစ္စတာဗွန်အင်ဟက်က ပြောကြားသည်။ ထိုသို့ အငှားကိုယ်ဝန်ဆောင် ကလေးမွေးဖွားမှုကို မစ္စတာဗွန်အင်ဟက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ဘီဗာလီဟီးလ်မြို့ရှိ ပြန်လည်မွေးဖွားခြင်းဌာနမှ ဒေါက်တာမာ့ခ်ဆူရီတို့ သဘောတူဆောင်ရွက်နေပြီ ဖြစ်သည်။

ရုပ်ရှင်မင်းသမီးကြီး ဇာဇာဂိုဘိုရာမှာ ၂၀၀၂ ခုနှစ်က ယာဉ်တိုက်မှုကြောင့် ဝဲဘက်ခြေထောက်

စာမျက်နှာ ၃ ကော်လံ ၂ ✻